နည်းပညာ မျှဝေခံစားခြင်း နှင့် စိမ်းလန်းသောလူမှုဘဝများဆီသို့



# twitter အသုံးပြုနည်း

ကလျာအိအိလွင်

စာအုပ်အမှတ်(၁၆)

# twitter
# အသုံးပြုနည်း

( ပထမအကြိမ် )

## ကလျာအိအိလွှင်

ဖြန့်ချိရေး

**လောကသရဖူစာအုပ်တိုက်**

ဖုန်း - ၀၉ ၄၃၀ ၅၁၁၉၀၊ ၀၉ ၄၃၁ ၆၀၀၇၄

**ဇွန်ပွင့်စာအုပ်တိုက်**

၇၇/ဒီ၊ ဓမ္မပါလလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ၀၉-၅၀-၄၃၁၆၄၊ ၀၉-၅၀-၉၈၆၀၆

အီးမေးလ် - **nayraing@gmail.com** ဝက်ဘ်ဆိုက် - **www.zunpwint.com**

## လောကသရုပ္ပစာအုပ်တိုက်မှ ထုတ်ဝေပြီး စာအုပ်များ


၁။ မွေ့ဂုဏ်ရည်အရှင်သခင်မိန့် (သို့မဟုတ်) အထနေးပေမယ့် အပြေးသန်သူ
*လူမောင်လတ် (သီပေါကိုလတ်)*

၂။ ကမ္ဘာကို ခြိမ်းခြောက်နေတဲ့ ရှိ
(ခေတ်သစ်ကမ္ဘာအတွက် အကျိုးပြုစွမ်းအင် သို့မဟုတ် အဖျက်နတ်ဆိုးရဲ့ ရုပ်ပုံလွှာ)
*မြသိမ်း (စစ်တွေ)*

၃။ အရှေ့အလယ်ပိုင်းမှဇာတိကများ (သို့မဟုတ်) ယူအေအီး ကာတာ ဆော်ဒီ
*ကျော်ကျော်ဦး*

၄။ ငြိမ်းချမ်းရေးဗျူဟာ(The Art of Peace)
*မောင်ပေါ်ထွန်း*

၅။ **Internet Slang Collections**
*Nay Min (Knowledge Bridge)*

၆။ အင်တာနက် အတိုကောက်စကားလုံးအဘိဓာန် (အင်္ဂလိပ်-မြန်မာ)
*ကျော်ကျော်ဦး*

၇။ ဗိုလ်ချုပ်အောင်ဆန်း၏ စီးပွားရေးအမြင်
*ပါမောက္ခဒေါက်တာ တင်ဖိုး(ဘောဂဗေဒ)*

၈။ အောင်သင်းအမေး သူတို့အဖြေ
*အောင်သင်း*

၉။ ဘယ်လိုဘာသာပြန်မလဲ *(The way to Translation)*
*ရွှေမင်းသန့်ဦးဘုန်းမြင့်*

၁၀။ *Facebook* ၏ လုပ်ဆောင်ချက်များ
*ရုံကြည်ထွေး*

၁၁။ မသိမဖြစ်အသုံးဝင်သော ဝက်ဘ်ဆိုက်များ
*ကလျာအိအိလွင်*

၁၂။ လူငယ်နှင့်ဘဝတန်ဖိုး
*ကလောင်စုံ*

၁၃။ ဒသဘီလူး အလုထူး
*မှိန်တင်ဦး(ပေါင်းတည်)*

၁၄။ လူငယ်နှင့်ဓမ္မတန်ဖိုး
*ကလောင်စုံ*

၁၅။ ဂျာနယ်လစ်ဝေါဟာရဒီပနီ
*ကျော်အုန်းမြင့်*

*ယခု* ——

*twitter* အသုံးပြုနည်း
*ကလျာအိအိလွင်*

*ဆက်လက်* ——

၁၇။ အခမဲ့ဝက်ဘ်ဆိုက် ရေးနည်းတင်နည်း
*ကောင်းမြတ်ထွန်း ၊ တင်ဦး*




အသုံးပြုသူတွေနဲ့ သုတေသနပညာရှင်တွေအဆိုအရ
**twitter** က စီးပွားရေးဈေးကွက်အတွက်
မဟာဗျူဟာစီမံချမှတ်ဖို့ ပိုသင့်တော်ပြီး
**facebook** ကတော့ ပုဂ္ဂလိကဆိုင်ရာ
အချက်အလက်တွေ ဝေမျှတဲ့အခါ
ပိုကောင်းတယ်လို့ ဆိုပါတယ်။

# မာတိကာ


၁။ twitter နိဒါန်း ၉

- twitter နှင့် အစိပ္ပာယ်ဖွင့်ဆိုချက်များ
- twitter ဆိုသည်မှာ
- twitter ၏ Feature များ

၂။ twitter Inc. သို့မဟုတ် twitter ကို ဖန်တီးသူများအကြောင်း ၁၃

- twitter ၏ တိုးတက်မှု ဖြစ်စဉ်
- twitter လူမှုကွန်ရက်ကို သုတေသနပြုကြခြင်း
- twitter ၏ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်အချို့

၃။ twitter တွင် အကောင့်တစ်ခု စတင်ဖွင့်ခြင်း ၂၀

- Sign up စတင်ပြုလုပ်ခြင်း
- Sign up အဆင့်များပြည့်စုံအောင်ပြုလုပ်ခြင်း
  - (၁) Follow ပြုလုပ်ခြင်း နှင့် Follower ပြုလုပ်ခြင်း
  - (၂) မိမိစိတ်ဝင်စားသည့်အကြောင်းအရာများ ရှာဖွေခြင်း
  - (၃) မိတ်ဆွေများကို အီးမေးလ်မှတစ်ဆင့် ဖိတ်ခေါ်ခြင်း
  - (၄) အီးမေးလ်ထဲမှ twitter အကြောင်းပြန်ချက် သို့မဟုတ် twitter ၏ ကြိုဆိုစာ

၄။ twitter တွင် Tweet အသစ်တင်ခြင်း သို့မဟုတ် Post အသစ်တင်ခြင်း ၃၀

၅။ twitter Homepage မှ အသုံးများသော Feature များ ၃၃

၆။ မိမိကိုယ်ရေးစာမျက်နှာ (Profile Page) အကြောင်း ၃၈

- Profile page တွင် ဓာတ်ပုံ (Profile Picture)တင်ခြင်း
- နောက်ခံအရောင်နှင့် ဒီဇိုင်းကို ပြင်ဆင်ခြင်း
- စကားဝှက် (Password) အသစ်ပြန်ပေးခြင်း
- Notification Settings ကို ပြင်ဆင်ခြင်း
- twitter ရှာဖွေရေးအင်ဂျင် အသုံးပြုခြင်း

၇။ Save Search ပြုလုပ်ပုံ ၅၀

၈။ twitter တွင် ဗီဒီယိုဖိုင်နှင့် ဓာတ်ပုံတင်ခြင်း ၅၃

၉။ twitter ရဲ့ error များ ၆၀

- twitter account ကို ဖျက်ပစ်ခြင်း (သို့) deactivate လုပ်ခြင်း
- unfollow ပြုလုပ်ခြင်း

၁၀။ လူပြောများသော twitter အကြောင်း ၆၆

- စီးပွားရေးလုပ်ငန်းများအတွက် အသုံးဝင်သော twitter
- ကမ္ဘာတစ်လွှားရောက် twitter
- မိုဘိုင်းဖုန်းများအတွက် twitter
- ဖုန်းမက်ဆေ့ပို့ရန် twitter ၏ ဝန်ဆောင်မှု
- လူမှုရေးလုပ်ငန်းများ လုပ်ပေးသော twitter


၁၁။ twitter အကြောင်း သိကောင်းစရာများ ၇၂

- twitter အဦးအစ
- twitter အသုံးပြုခြင်း နောက်ဆက်တွဲရလဒ်များ
- twitter ၏ ကောင်းကွက်များ
- twitter ၏ ဟာကွက်များ

၁၂။ twitter ပေါ်မှ နာမည်ကျော်ကြယ်ပွင့်များ (Celebrities on twitter) ၈၀

၁၃။ လူမှုကွန်ရက်များကို စိတ်ချလက်ချအသုံးပြုနည်း ၉၅



## twitter နိဒါန်း

### twitter နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

twitter = Facebook ၊ Linkedin ၊ Friendster ၊ Hi5 တို့ကဲ့သို့သော အင်တာနက် လူမှုကွန်ရက်ဝက်ဘ်ဆိုက်တစ်ခု။

Tweet = twitter လူမှုကွန်ရက်တွင် အသုံးပြုသူတင်လိုက်သော မက်ဆေ့တိုများ (Post သို့မဟုတ် Status ကို ခေါ်ခြင်းဖြစ်ပါတယ်)။

Follow = twitter တွင် မိတ်ဆွေဖွဲ့ခြင်းကို Follow လုပ်တယ်လို့ ခေါ်ပါတယ်။ မိမိက တစ်စုံတစ်ယောက်အား Follow ပြုလုပ်လိုက်ပါက ယင်း၏ tweet များကို မိမိစာမျက်နှာ (Homepage)တွင် ဖတ်ရှုနိုင်မှာ ဖြစ်ပါတယ်။ မိမိတင်လိုက်သော tweet များကိုမူ မိမိကို ပြန်လည်၍ Follow ပြုလုပ်မှသာ နှစ်ဦးနှစ်ဖက်အနေဖြင့် တွေ့မြင်ရမှာ ဖြစ်ပါတယ်။

Follower = မိမိကို Follow ပြုလုပ်ထားသူများကို ခေါ်တာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မိမိ၏ tweet တွေကို စောင့်ဖတ်မယ့် မိတ်ဆွေ ဖြစ်ပါတယ်။

## twitter ဆိုသည်မှာ

twitter ဆိုတာ အခမဲ့အသုံးပြုနိုင်တဲ့ အင်တာနက်လူမှုကွန်ရက် ဝက်ဘ်ဆိုက်တစ်ခု ဖြစ်ပါတယ်။ twitter မှာ အခြားလူမှုကွန်ရက်တွေလို သတင်းတွေ လွှင့်တင်ဝေမျှနိုင်တဲ့ ဝန်ဆောင်မှုပါ ပေးထားပါတယ်။ twitter မှာ မိမိတင်လိုက်တဲ့ Post ဖြစ်တဲ့ Tweet တွေမှာ စာလုံးရေ ၁၄၀ ထိပဲ တင်လို့ရမယ်လို့ ကန့်သတ်ထားပါတယ်။ မိမိတင်လိုက်တဲ့ Post တွေကိုတော့ မိမိရဲ့ Follower တွေ၊ တစ်နည်းအားဖြင့် မိမိရဲ့မိတ်ဆွေ အပေါင်းအသင်း၊ လုပ်ဖော်ကိုင်ဖက်တွေ၊ မိသားစုတွေက တွေ့ရှိဖတ်ရှု နိုင်မှာ ဖြစ်ပါတယ်။

မိမိတင်လိုတဲ့စာသားတွေကို What are you doing? ဆိုတဲ့ အကွက်လေးထဲမှာ ရိုက်ထည့်ပြီး Tweet လိုက်ရုံနဲ့ တစ်ကမ္ဘာလုံးနဲ့ သို့မဟုတ် သင့်ရဲ့ Follower များနဲ့သင်ဟာ ချိတ်ဆက်မိသွားမှာပါ။ စာလုံးရေ ၁၄၀ ထိပဲ တင်လို့ရတဲ့အတွက် twitter ကို မက်ဆေ့တိုတွေ ရှဲကြတဲ့ Micro blogging ဝက်ဘ်ဆိုက်လို့လည်း ခေါ်ဆိုကြပါတယ်။

## twitter ၏ Features များ

၁။ **Tweet** - တစ်ဦးနဲ့တစ်ဦး ရှဲ(ဝေမျှ)ချင်တဲ့ သတင်းအချက်အလက်၊ စိတ်ခံစားမှု၊ ဆွေးနွေးချက် စတာတွေကို Tweet လို့ ခေါ်ပါတယ်။ မိမိဘယ်နှစ်ခါ Tweet တွေ တင်ပြီးပြီဆိုတာကို မိမိရဲ့ ပရိုဖိုင် ဒါမှမဟုတ် Homepage ရဲ့ ညာဘက် Sidebar မှာ ကြည့်နိုင်ပါတယ်။





၂။ **twitter message (tweet)** တွေကို စာလုံးရေ ၁၄၀ ထိပဲ ကန့်သတ်ထားပါတယ်။ ဒါကြောင့် Micro blogging လို့ ခေါ်ပါတယ်။

၃။ မက်ဆေ့တွေကို twitter ကတစ်ဆင့် ကိုယ်ကလည်း ပို့နိုင် (SMS)၊ သူတစ်ပါးရဲ့ မက်ဆေ့တွေကိုလည်းရယူနိုင်ပါတယ် (RSS)။ third party application တွေလည်း အသုံးပြုနိုင်ပါတယ်။

၄။ မိမိရေးသားတဲ့မက်ဆေ့ကို အားလုံးကို မမြင်စေချင်ရင်လည်း ကိုယ်မြင်စေလိုတဲ့ မိတ်ဆွေတွေကို ကန့်သတ်ထားလို့ ရပါတယ်။ (Default Setting အရဆိုရင်တော့ မိမိတင်လိုက်တဲ့မက်ဆေ့ကို မိတ်ဆွေအားလုံးက မြင်တွေ့ရမှာ ဖြစ်ပါတယ်။)

၅။ twitter Message တွေပို့ဖို့ Tweetie ၊ Twitterterrific နဲ့ Feedalizr စတဲ့ Third Application တွေကို အသုံးပြုလို့လည်း ရပါတယ်။


၆။ twitter ထဲမှာ အသုံးပြုသူတွေကို အမည် သို့မဟုတ် username နဲ့တကွ ရှာဖွေနိုင်ပါတယ်။ အခြားလူမှုရေးကွန်ရက်ဆိုက်တွေက သူငယ်ချင်း မိတ်ဆွေတွေကိုလည်း Twitter ထဲကို Import လုပ်နိုင်ပါတယ်။ အီးမေးလ်ကတစ်ဆင့်လည်း သူငယ်ချင်းတွေကို ဖိတ်ကြားလို့ ရပါတယ်။

၇။ twitter ကို စတင်အသုံးပြုတော့မယ်ဆိုရင်တော့ twitter.com ရဲ့ Sign up Page မှာ စာရင်း(Account)ဖွင့်လိုက်ပြီးရင် Tweet လို့ရပါပြီ။

*





## twitter Inc. သို့မဟုတ် twitter ကို ဖန်တီးသူများ အကြောင်း

twitter.com ကို ဖန်တီးတဲ့ တွစ်တာကုမ္ပဏီ (twitter Inc.) ဆိုတာ အမေရိကန်ပြည်ထောင်စု၊ ဆန်ဖရန်စစ္စကိုမြို့မှာ အခြေစိုက် တည်ထောင်ထားတဲ့ အိုင်တီကုမ္ပဏီကြီးတစ်ခုပါ။ စတင်တည်ထောင်ခဲ့သူတွေကတော့ ဂျက်ဒေါ်ဆေ (Jack Dorsey) အပါအဝင် နိုအာဂလပ် (Noah Glass)၊ အီဗန်ဝီလျံ (Evan Williams)၊ ဘစ်စတုန်း(Big Stone) တို့ဖြစ်ပါတယ်။



*(ပုံ-၁) ဆန်ဖရန်စစ္စကိုမြို့ရှိ တွစ်တာကုမ္ပဏီရုံးချုပ်*

twitter.Inc ရုံးချုပ်လိပ်စာကတော့ အမှတ်(၇၉၅) ဖော်လဆမ် လမ်း၊ Suite ၆၀၀၊ ဆန်ဖရန်စစ္စကို၊ CA ၉၄၁၀၇၊ အမေရိကန်ပြည်ထောင်စု ဖြစ်ပြီး ရုံးခွဲတွေကို ဆန်အန်တိုနီယို၊ တက္ကဆပ်၊ ဘော်စတွန်၊ မန်ဆာ ချူးဆက်နဲ့ နယူးယောက်တို့မှာ ဖွင့်လှစ်ထားပါတယ်။ ကုမ္ပဏီရဲ့ အဓိက ဝန်ထမ်းတွေကတော့ ဂျက်ဒေါ်ဆေ(Executive Chairman)၊ ဒစ် ကော့စတိုလို (CEO)၊ အိဗန်ဝီလျံ(Director)၊ ဘစ်စတုန်း(Creative Director) တို့ ဖြစ်ပါတယ်။ ၂၀၁၀ ပရောဂျက်အရ ကုမ္ပဏီရဲ့ အခွန် ပေးဆောင်ရမှုဟာ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၄၀ ဖြစ်တယ်လို့ ဆိုပါတယ်။ ဝန်ထမ်းဦးရေကတော့ ၂၀၁၁ မှာ ၆၀၀ ကျော် ရှိသွားပါပြီ။ twitter.com ကို အသုံးပြုသူပေါင်းကတော့ ကမ္ဘာအနှံ့ သန်းနှစ်ရာကျော် ရှိတယ်လို့ ၂၀၁၁ မတ်လစာရင်းဇယားအရ သိရပါတယ်။

အသုံးပြုနိုင်တဲ့ ဘာသာစကားတွေကတော့ ဒတ်ချ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ ကိုရီးယား၊ ပေါ်တူဂီ၊ ရုရှား၊ စပိန်၊ တူရကီ၊ တရုတ်၊ ဟင်ဒီ၊ တာဂါလော့နဲ့ မလေးစတဲ့ ဘာသာစကားတို့ ဖြစ်ပါတယ်။ twitter.com ကို ၂၀၀၆ မတ်လမှာ ဂျက်ဒေါ်ဆေက စတင်ဖန်တီးခဲ့ပြီး ၂၀၀၆ ခုနှစ် ဇူလိုင် ၁၅ မှာ တရားဝင်ထုတ်လွှင့် ခဲ့ပါတယ်။ စတင်လွှင့်တာနဲ့ twitter ကို အသုံးပြုသူအရေအတွက်ဟာ လျင်မြန်စွာကို တိုးတက်ခဲ့ပြီး ယနေ့အခါမှာ တစ်နေ့တစ်နေ့ကို Tweets အရေအတွက်ပေါင်း သန်းနှစ်ရာကျော်နဲ့ twitter search engine ကို အသုံးပြုရှာဖွေမှုပေါင်း ၁.၆ ဘီလျံကျော်ရှိနေပါပြီ။

*(ပုံ-၂) တွစ်တာ လိုဂိုတံဆိပ်*





*(ပုံ-၂)*က ၂၀၁၀ စက်တင်ဘာ ၁၄ ထိအသုံးပြုခဲ့တဲ့ twitter လိုဂို တံဆိပ် ဖြစ်ပါတယ်။


## twitter ၏တိုးတက်မှုဖြစ်စဉ်

twitter ကို စတင်ထုတ်လွှင့်ခဲ့တဲ့ ၂၀၀၆ က စတင်ပြီး အသုံးပြုသူ ဦးရေ လျင်မြန်စွာတိုးမြင့်ခဲ့ရာမှာ ၂၀၀၇ ခုနှစ်မှာ ပထမလေးလပတ် အတွင်း tweet ပေါင်း လေးသိန်းအထိရောက်ရှိခဲ့ပါတယ်။ နောင်တစ်နှစ် အကြာ ၂၀၀၈ ပထမလေးလပတ်မှာတော့ အသုံးပြုသူတွေ တင်တဲ့ tweet အရေအတွက် သန်းတစ်ရာထိ တိုးတက်ခဲ့ပါတယ်။ ၂၀၁၀ ဖေဖော်ဝါရီမှာ twitter အသုံးပြုသူတွေဟာ တစ်နေ့တစ်နေ့ကို tweet ပေါင်း သန်း ၅၀ ပေးပို့နေပါပြီ။

twitter ကို အသုံးပြုမှုတွေဟာ အမှတ်ရဖွယ် ဖြစ်ရပ်များနဲ့ ပွဲတော်များ ကျင်းပတဲ့ကာလတွေမှာ ပိုများပါတယ်။ ဥပမာအားဖြင့် ၂၀၁၀ ဖီဖာကမ္ဘာ့ဖလားဘောလုံးပွဲကာလ ၂၀၁၀ ဇွန် ၁၄ မှာ ဂျပန်က ကင်မရွန်းကို တစ်ဂိုးသွင်းလိုက်ပြီး ၃၀ စက္ကန့်အချိန်အတွင်းမှာ ပရိသတ် တွေဟာ တစ်စက္ကန့်ကို tweet ပေါင်း ၂၉၄၀ ခုထိ တင်ပြီးသတင်းတွေ မျှဝေကြတာကို တွေ့ရပါတယ်။ အဲဒီစံချိန်တွေကို ပွဲစဉ်တွေမှာ အဆက် ဆက်ချိုးဖျက်နိုင်ခဲ့ပြီး နောက်ဆုံးတင်ထားတဲ့စံချိန်ကတော့ ၂၀၁၁ ဖီဖာ အမျိုးသမီးကမ္ဘာ့ဖလားပွဲစဉ် ဂျပန်နဲ့အမေရိကန်တို့ရဲ့ ဗိုလ်လုပွဲမှာ တစ်စက္ကန့်ကို tweet အရေအတွက် ၇၁၉၆ ခု ရှိခဲ့လို့ လက်ရှိစံချိန် ဖြစ်နေ ပါတယ်။ ကမ္ဘာကျော် ပေါ့ပ်တေးသံရှင် မိုက်ကယ်ဂျက်ဆင် ဆုံးပါးခဲ့တဲ့ ၂၀၀၉ ဇွန် ၂၅ ရက်ကဆို တစ်နာရီအတွင်း Michael Jackson ဆိုတဲ့ စကားလုံးပါတဲ့ tweet ပေါင်းတစ်သိန်းကျော်ကို အသုံးပြုသူတွေရဲ့ Status မှာ တင်လိုက်ကြတာ twitter Servers တွေတောင် ပျက်စီးခဲ့ရတဲ့ ထိ ကြုံခဲ့ရပါတယ်။

## twitter လူမှုကွန်ရက်ကို သုတေသနပြုကြခြင်း

(ပုံ-၃)က အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့အခြေစိုက် သုတေသနကုမ္ပဏီတစ်ခုဖြစ်တဲ့ Pear Analytics က twitter ရဲ့ tweet အမျိုးအစားတွေ ခွဲခြားထားခြင်း ဖြစ်ပါတယ်။ အဆိုပါ သုတေသနကို ၂၀၀၉ ဩဂုတ်မှာ သီတင်းပတ် နှစ်ပတ်အတွင်း မနက် ၁၁ ကနေ ညနေ ၅ နာရီထိတင်တဲ့ tweet ပေါင်းနှစ်ထောင်ကို အခြေခံပြီး စစ်တမ်းပြုလုပ်ခဲ့ခြင်းဖြစ်ကာ ရလဒ်အနေနဲ့ tweet အမျိုးအစားကဏ္ဍပေါင်း ၆ ခု ထွက်ပေါ်လာပါတယ်။ သုတေသနပြုလုပ်တဲ့ tweet တွေက အင်္ဂလိပ်ဘာသာစကားနဲ့ တင်ထားတဲ့ tweet တွေပဲ ဖြစ်ပါတယ်။




*(ပုံ-၃) Pear Analytics က စစ်တမ်းပြုထားသော tweet အမျိုးအစားများ*





သတင်း (၄%)
Spam (၄%)
မိမိကိုယ်မိမိ ကြော်ငြာခြင်း (၆%)
ရောက်တတ်ရာရာများ (၄၀%)
အပြန်အလှန်ပြောဆိုခြင်းများ (၃၈%)
အတိတ်က စံနှုန်းများ (၉%)

အဆိုပါ tweet နှစ်ထောင်ကို သုတေသန ပြုလုပ်ပြီးတဲ့အခါမှာ အထက်ပါ စာရင်းဇယားကို ထုတ်ပြန်ပါတယ်။ လူမှုကွန်ရက်သုတေသနပညာရှင်တစ်ဦးဖြစ်တဲ့ ဒန်နာဘွိုက် (Danah Boyd) ကတော့ Pear Analytics က သုံးထားတဲ့ ရောက်တတ်ရာရာများ (Pointless Bubbles) ဆိုတဲ့ စကားလုံးကို လူမှုရေး အစီအစဉ်များ(Social Grooming) ဒါမှမဟုတ် သိသင့်သိထိုက်သောကိစ္စရပ်များ (Peripheral Awareness)လို့ အသုံးပြုတာပိုသင့်တော်မယ်လို့ အကြံပြုပါတယ်။ တစ်ဦးနဲ့တစ်ဦး မသိကြတဲ့ လူစိမ်းတွေကြားမှာ တစ်ဦးရဲ့ ဝန်းကျင်မှာ ဖြစ်ပျက်နေတာတွေကို နောက်တစ်ဦးသိနိုင်အောင် ဝေမျှခြင်းဖြစ်လို့ လူမှုရေးအစီအစဉ် သို့မဟုတ် သိသင့်သိထိုက်သောကိစ္စရပ်များဟု အသုံးပြုပါလို့ ဆိုထားပါတယ်။

## twitter ၏ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်အချို့

twitter ရဲ့ နှစ်စဉ်အခွန်ငွေက ၂၀၁၀ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၄၅ သန်း ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်မှာတော့ အခွန်ပမာဏ သန်းတစ်ရာကနေ တစ်ရာ့တစ်ဆယ်ထိ ရှိလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ၂၀၁၁ ခုနှစ် မတ်လမှာ twitter ရှယ်ယာပေါင်း သုံးသောင်းခွဲကို ရှယ်ယာတစ်ခုလျှင် ၃၄.၅၀ ဒေါ်လာနဲ့ ရောင်းချခဲ့လို့ twitter ကုမ္ပဏီရဲ့ ခန့်မှန်းတန်ဖိုးဟာ ၇.၈ ဘီလျံရှိတယ်လို့ ဆိုရပါမယ်။



(ပုံ - ၄)


twitter အသုံးပြုနေသော အမေရိကန်သမ္မတ အိုဘားမားနှင့် twitter ဖန်တီးသူ ဂျက်ဒေါ်ဆေတို့အား တွေ့ရစဉ်။ [အိုဘားမား၏ twitter account သည် follower အများဆုံးရသော နာမည်ကျော် account များတွင် တစ်ခုအပါအဝင် ဖြစ်သည်။ ဤကဲ့သို့ အကောင့် ပိုင်ရှင်များကို twitter မှ ငွေကြယ်ပွင့်များ (Celebrities on Twitter) ဟု ခေါ်ကြသည်။]

*




# twitter တွင် account တစ်ခု စတင် ဖွင့်ခြင်း





## twitter တွင် အကောင့်တစ်ခု စတင်ဖွင့်ခြင်း

### Sign up စတင်ပြုလုပ်ခြင်း

IE (Internet Explorer) ဒါမှမဟုတ် Mozilla Firefox ဒါမှမဟုတ် Flock စတဲ့ Internet Browser တစ်ခုခုကို ဖွင့်လိုက်ပါ။ ပြီးရင် www.twitter.com လို့ Address Bar မှာ ရိုက်ထည့်ပြီး enter နှိပ်ကာ twitter website ဆီ သွားပါမယ်။ မိမိမှာ အီးမေးလ်အကောင့်တစ်ခု ရှိမယ်ဆိုရင် အချိန်မရွေး twitter account တစ်ခု ဖွင့်နိုင်မှာဖြစ်ပါတယ်။ အခြား လူမှုကွန်ရက် ဝက်ဘ်ဆိုက်အများစုလိုပဲ Email account တစ်ခုကို Twitter account တစ်ခု ဖွင့်လို့ ရပါတယ်။

twitter.com ကို ခေါ်ပြီးလို့ရှိရင် *(ပုံ - ၅)* မှာ တွေ့ရတဲ့ ပုံစံကို မြင်ရမှာ ဖြစ်ပါတယ်။ Connection အတက်အကျကို မူတည်ပြီး ဝက်ဘ်ဆိုက်အစုံအလင် တက်မယ့်အချိန်ကို နည်းနည်းစောင့်ချင်လည်း စောင့်ရနိုင်ပါတယ်။








*(ပုံ - ၅)*

*(ပုံ -၅)* အတိုင်း မြင်ရပြီဆိုရင်တော့ မိမိကိုယ်ပိုင် twitter account တစ်ခု ပြုလုပ်ဖန်တီးဖို့ အသင့်ဖြစ်ပါပြီ။ New to twitter? Join today (twitter ကို လုံးဝမသုံးဖူးတဲ့သူလား။ ဒီနေ့ပဲ သုံးကြည့် လိုက်ပါ) ဆိုတဲ့ စာသားအောက်ဘက်မှာ ပါတဲ့ ပုံစံငယ်လေးကို ဖြည့်ပေးရပါမယ်။

အရင်ဆုံးအကွက်မှာတော့ twitter အကောင့်မှာ ပေါ်မယ့် မိမိနာမည်အပြည့်အစုံကို ရိုက်ထည့်ရပါမယ်။ ဥပမာ - မိမိက Mr. Sun လို့ ပေါ်ချင်ရင် Mr.Sun လို့ ရိုက်ထည့်ပါ။

ပြီးရင် Email လိပ်စာ အပြည့်အစုံ (ဥပမာ - mr.sun@gmail.com) ရိုက်ထည့်ပါ။ နောက်ဆုံးအကွက်က twitter account ကို ဝင်ဖို့ စကားဝှက် (password) ပေးရပါမယ်။ စကားဝှက်တို့ရဲ့ ထုံးစံအတိုင်း အများ မချိုးဖျက်နိုင်မယ့် အလွယ်တကူမှန်းဆမရနိုင်မယ့် စကားဝှက်မျိုးဖြစ်ဖို့ အရေးကြီးပါတယ်။ စကားဝှက်ပေးတဲ့ စကားလုံးတွေထဲမှာ စာလုံး အသေး (a, b, c, d, etc.)၊ စာလုံးအကြီး (A, B, C, D etc.)၊ ဂဏန်း နံပါတ် (1, 2, 3, 4 etc.) စတာတွေကို လိုအပ်သလို အလျဉ်းသင့်သလို တွဲပေးခြင်းဖြင့် မိမိစကားဝှက်ကို မသမာသူတွေအနေနဲ့ အလွယ်တကူ

မှန်းဆနိုင်မယ့်ကိစ္စက ကင်းဝေးနိုင်မှာ ဖြစ်ပါတယ်။

ပတ်စဝေ့ါပေးပြီးပြီဆိုရင်တော့ အောက်မှာပြထားတဲ့ sign up ဆိုတဲ့အဝါရောင်အကွက်လေးကို ကလစ်လိုက်ပြီး ခဏစောင့်လိုက်တာနဲ့ မိမိကိုယ်ပိုင် twitter account တစ်ခုကို ပဏာမအနေနဲ့ ရရှိပါပြီ။

အောက်ခြေမှာ မြင်တွေ့နိုင်တဲ့ ရုပ်ပုံတန်းလေးကတော့ twitter အသုံးပြုနေသူတချို့ရဲ့ အကောင့်မှာ တင်ထားတဲ့ ယင်းတို့ရဲ့ဓာတ်ပုံ (Profile picture) များ ဖြစ်ပါတယ်။ (တချို့ Browser တွေမှာတော့ မပေါ်ပါဘူး) အဲဒီပုံတစ်ခုချင်းစီကို နှိပ်ကြည့်ပြီးတော့ သူတို့ရဲ့ အကောင့်စာမျက်နှာတွေဆီလည်း သွားရောက်လေ့လာကြည့်ရှုလို့ ရပါတယ်။

ပြီးတော့ မိမိနှစ်သက်ရာ ဘာသာစကားတွေနဲ့ အသုံးပြုနိုင်အောင်လည်း အောက်ခြေမှာ Language ဆိုတဲ့ ဘာသာစကားရွေးချယ်စရာများကို ပေးထားပါတယ်။ အဲဒီ Language ဆိုတာရဲ့ ဘေးမှာ twitter က ဝန်ဆောင်မှုပေးထားတဲ့ ဘာသာစကားမျိုးစုံကို ကလစ်တစ်ချက်နှိပ်ရုံနဲ့ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အင်ဒိုနီးရှားဘာသာ၊ ဒတ်ချ်ဘာသာ၊ အင်္ဂလိပ်ဘာသာ၊ စပိန်ဘာသာ၊ ပြင်သစ်ဘာသာ၊ အီတလီဘာသာ စတဲ့ ကမ္ဘာပေါ်မှာ လူသုံးများတဲ့ ဘာသာစကား အမျိုးပေါင်းများစွာကို အသုံးပြုနိုင်အောင် စီစဉ်ပေးထားပါတယ်။ မြန်မာဘာသာတော့ လောလောဆယ် မရသေးပါဘူး။

Sign up ဆိုတဲ့အကွက်လေးကို ကလစ်လုပ်လိုက်ရင် *(ပုံ-၆)* မှာ မြင်တွေ့ရသလို စာမျက်နှာတစ်ခု ကျလာမှာ ဖြစ်ပါတယ်။

အပေါ်ဆုံးအကွက်မှာ မိမိအမည်ကို ရိုက်ထည့်ပါ။

ဒုတိယ အကွက်မှာက email account အပြည့်အစုံကို ရိုက်ပါ။

တတိယအကွက် မှာက ပတ်စဝေ့ါ (စကားဝှက်)ကို ပြန်ရိုက်ထည့်ပေးပါ။ ပတ်စဝေ့ါအောက်က အကွက်မှာတော့ မိမိကိုယ်ရေးစာမျက်နှာမှာ အများတွေ့မြင်စေလိုတဲ့ အမည်ကို ရိုက်လိုက်ပါ။








*(ပုံ - ၆)*

အဲဒီအကွက် အောက်နားလေးမှာ မိမိအမည်အတွက် twitter က အကြံပြုထားတဲ့ နီးစပ်ရာအမည်တွေကို တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီထဲကမှ မိမိနှစ်သက်ရာတွေ့ရင် ရွေးလိုက်နိုင်သလို twitter မှာ မပေးထားသေးတဲ့အမည်တွေထဲကလည်း နှစ်သက်ရာပေးနိုင်ပါတယ်။

Keep me logged-in on this computer ဆိုတဲ့ရှေ့က Check Box အကွက်လေးမှာ အမှန်ခြစ်လေးပေါ်နေအောင် ပြုလုပ်ပေးပါ။ ဒါမှ မိမိအကောင့်တစ်ခုရသွားပြီဆိုရင် ထပ်မံ Sign in ပြုလုပ်စရာ မလိုဘဲ (username နဲ့ password ထပ်မံရိုက်ထည့်နေစရာ မလိုဘဲ) ဆက်လက်ပြီး log in ဖြစ်နေမှာ ဖြစ်ပါတယ်။

အားလုံးပြီးရင်တော့ အောက်ဆုံးက Create my account ကို ကလစ်နှိပ်လိုက်ပါ။ ပြီးရင် ခဏစောင့်ပါ။

*(ပုံ - ၇)* လို စာမျက်နှာမျိုး မြင်ရပြီဆိုရင်တော့ twitter account အသစ်တစ်ခု ဖွင့်လှစ်ခြင်းလုပ်ငန်းစဉ်တစ်ခု သုံးပုံနှစ်ပုံ အောင်မြင်သွားပါပြီ။ ကျန်တဲ့အဆင့်တွေကတော့ သူငယ်ချင်းမိတ်ဆွေ တိုးပွားအောင်

ပြုလုပ်ဖို့နဲ့ မိမိကိုယ်ရေး စာမျက်နှာ (profile) ကို စိတ်ကြိုက်ပြောင်းလဲပြင်ဆင်ဖို့(Customize ပြုလုပ်ဖို့)ပဲ ဖြစ်ပါတယ်။

## Sign Up အဆင့်များပြည့်စုံအောင် ပြုလုပ်ခြင်း

### (၁) Follow ပြုလုပ်ခြင်းနှင့် Follower ပြုလုပ်ခြင်း

*(ပုံ - ၇)* မှာ တွေ့ရသလိုပဲ web page ရဲ့ အပေါ်ဆုံးမှာရှိတဲ့ 1. Suggestions ဆိုတာရဲ့ အောက်မှာ ဖော်ပြထားတဲ့ twitter account ပိုင်ရှင်တွေကို Follow ဆိုတဲ့အကွက်လေးကို ကလစ်လုပ်လိုက်ခြင်းအားဖြင့် သူတို့ဖော်ပြသမျှ သတင်းအားလုံးကို အလိုလိုရရှိမှာ ဖြစ်ပါတယ်။



*(ပုံ - ၇)*

တစ်ခုပြောစရာရှိတာက အကောင့်ပိုင်ရှင်တွေအနေနဲ့ အကောင့်ကို protect မလုပ်ထားဘူးဆိုရင် သူတို့ဘက်က သီးသန့်လက်ခံစရာ





မလိုဘဲ အလိုလိုကိုယ်က သူ့ရဲ့ follower ဖြစ်သွားမှာပါ။ Protect လုပ်ထားတဲ့ အကောင့်ပိုင်ရှင်တွေကတော့ follow လုပ်သမျှစာရင်းကို accept ပြုလုပ်ပေးရပါတယ်။

သူတို့ကကိုယ့်ကို follow မလုပ်သရွေ့ ကိုယ်တင်သမျှ၊ ကိုယ်ဖော်ပြသမျှ သတင်းအချက်အလက်တွေကို သူရရှိမှာ မဟုတ်ပါဘူး။ twitter ရဲ့ ထူးခြားချက်ကအဲဒါပါ။ နောက်ပိုင်း google ရဲ့ လူမှုကွန်ရက်အသစ်ဖြစ်တဲ့ google plus က အဲဒီ သဘောကို ယူထားပါတယ်။ အဲဒီလိုစနစ်က ပိုမို Private ဆန်ပြီး လွတ်လပ်မှုလည်းပိုရှိတယ်လို့ အသုံးပြုသူအများစုက ယူဆကြပါတယ်။

Suggestion ပေးထားတဲ့ အကောင့်တွေကို follow လုပ်ပြီးပြီဆိုရင် နောက်တစ်ဆင့်ဖြစ်တဲ့ interests ကို သွားပါမယ်။ အောက်ဆုံးမှာပြထားတဲ့ Next Step: interests ဆိုတာကို ကလစ်လိုက်ပြီး နောက်ထပ်စာမျက်နှာတစ်ခု ဖြစ်တဲ့ *(ပုံ - ၈)* ကို မြင်ရတဲ့အထိ ခဏစောင့်လိုက်ပါ။



*(ပုံ - ၈)*

## (၂) မိမိစိတ်ဝင်စားသည့် အကြောင်းအရာများ ရှာဖွေခြင်း

ဒါကတော့ မိမိစိတ်ဝင်စားရာ အကြောင်းအရာတွေကို လိုက်လံရှာဖွေ စုဆောင်းတတ်သူများအတွက် ရွေးချယ်နိုင်အောင် စိတ်ဝင်စားမှုတွေကို စုစည်းပေးထားတဲ့စာမျက်နှာ ဖြစ်ပါတယ်။



(ပုံ - ၉)

အနုပညာနဲ့ ဒီဇိုင်း၊ စာအုပ်စာပေ၊ စီးပွားရေး၊ အလှူဒါန၊ ဖျော်ဖြေရေး၊ မိသားစု၊ ဖက်ရှင်၊ အစားအသောက်၊ ဟာသ၊ အားကစား၊ နည်းပညာစတဲ့ စိတ်ဝင်စားမှုတွေကို နှစ်သက်ရာရွေးချယ်လိုက်မယ်ဆိုရင် အဲဒီစိတ်ဝင်စားမှုနောက် လိုက်ထားသူတွေရဲ့အကောင့်တွေကို မြင်ရမှာ ဖြစ်ပြီး အဆိုပါ အကောင့်တွေကို follow လုပ်လိုက်မယ်ဆိုရင်တော့ သူတို့ဝေမျှမယ့် အဲဒီအကြောင်းအရာတွေကို နေ့စဉ်ဖတ်ရှုထိတွေ့နိုင်ပါလိမ့်မယ်။

ကိုယ်စိတ်ဝင်စားတဲ့အကြောင်းအရာတွေနောက် လိုက်ပါပြီးပြီဆိုရင်တော့ Next Step : Friends ကို ကလစ်လိုက်ပါ။ နောက်တစ်ဆင့်အနေနဲ့ သူငယ်ချင်းများ ထပ်မံရှာဖွေဖို့ ဖြစ်ပါတယ်။





## (၃) မိတ်ဆွေများကို အီးမေးလ်မှတစ်ဆင့် ဖိတ်ခေါ်ခြင်း

ဖော်ပြပါစာမျက်နှာကို မြင်ရပြီဆိုရင် မိမိအနေနဲ့ အီးမေးလ်ကတစ်ဆင့် သူငယ်ချင်းတွေကို ထပ်မံဖိတ်ခေါ်နိုင်မှာ ဖြစ်ပါတယ်။ မိမိအီးမေးလ်က Gmail သို့မဟုတ် Yahoo mail ဒါမှမဟုတ် Hotmail တစ်ခုခုဖြစ်မယ်ဆိုရင် အဲဒီမေးလ်တွေကတစ်ဆင့် ကိုယ့်ရဲ့ အဆက်အသွယ်တွေထဲက နှစ်သက်ရာကို twitter ကို Join ဖို့ ဖိတ်ခေါ်နိုင်မှာပါ။ အဲဒီအဆင့်ကိုမလုပ်ဘဲ ကျော်လိုက်လို့လည်း ရပါတယ်။ ကျော်မယ်ဆိုရင်တော့ Skip import ဆိုတာကို ကလစ်လိုက်ရုံပါပဲ။

အဲဒီစာမျက်နှာမှာဆိုရင် ညာဘက် Side bar မှာ Welcome to Twitter @ MrSun5 ဆိုတဲ့ စာသားကို တွေ့ရပါလိမ့်မယ်။ အဲဒီစာသားအောက်မှာတော့ မိမိအကောင့်နဲ့ဆိုင်တဲ့ အချက်အလက်တွေကို ပြထားပေးပါတယ်။ ဘယ်နှစ်ယောက်ကို follow လိုက်လုပ်ထားတယ်။ ဘယ်အရာတွေကို စိတ်ဝင်စားတယ် စတာတွေပေါ့။



(ပုံ - ၁၀)

### (၄) အီးမေးလ်ထဲမှ twitter အကြောင်းပြန်ချက် သို့မဟုတ် twitter မှ ကြိုဆိုစာ

အဲဒီလို အကောင့်အသစ်ဖွင့်ခြင်းကိစ္စ ပြီးပြီဆိုရင်တော့ မိမိ အီးမေးလ်အကောင့်ကို ဖွင့်ပြီးစစ်ကြည့်လိုက်ရင် twitter က ပို့ထားတဲ့ Welcome message တစ်စောင်ရောက်နေတာ တွေ့ရပါလိမ့်မယ်။ အဲဒီ မေးလ်ကိုဖွင့်ကြည့်လိုက်ရင် *(ပုံ - ၁၀)* မှာ ဖော်ပြထားသလို တွေ့ရပါ မယ်။ အကောင့် စဖွင့်တဲ့သူတိုင်းကိုပို့တဲ့ အီးမေးလ်ဖြစ်ပါတယ်။ အဲဒီ အီးမေးလ်မှာ ပေးထားတဲ့ လင့်ကတစ်ဆင့် twitter ကို သွားလိုက်တော့မှ twitter account သစ်တစ်ခုဖွင့်ခြင်း လုပ်ငန်းစဉ် ပြည့်စုံသွားတာ ဖြစ် ပါတယ်။

*




# twitter တွင် tweet အသစ်တင်ခြင်း သို့မဟုတ် Post အသစ်တင်ခြင်း






## twitter တွင် tweet အသစ်တင်ခြင်း သို့မဟုတ် post အသစ်တင်ခြင်း

*(ပုံ - ၁၀)* မှာ ပေးထားတဲ့ အီးမေးလ်ထဲက လင့်ကနေတစ်ဆင့် twitter ကို Sign in ပထမဆုံးပြုလုပ်ပြီးပြီဆိုရင် twitter home ကို အောက်ဖော်ပြပါပုံ *(ပုံ - ၁၁)* အတိုင်း မြင်တွေ့ရမှာ ဖြစ်ပါတယ်။ အပေါ်ဆုံးက အဖြူရောင်ကွက်လပ်လေးမှာ မိမိမျှဝေလိုတဲ့ သတင်းစာသား အချက်အလက်တွေကို ရေးတင်နိုင်ပြီး တစ်ခါရိုက်တင်ရင် စကားလုံးပေါင်း ၁၄၀ အထိသာ ရေးသားမျှဝေနိုင်ပါတယ်။

မြန်မာလိုရိုက်ပြီး တင်မယ်ဆိုရင်တော့ သိပ်အများကြီး ရေးတင်ဖို့ မလွယ်ကူပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အင်္ဂလိပ်စာလုံး အလုံးရေ ၁၄၀ နဲ့ ညီမျှတဲ့ မြန်မာစာလုံးကို တွက်ယူမှာ ဖြစ်တဲ့အတွက် တစ်ကြိမ်တစ်ခါတည်း အများကြီး မတင်နိုင်ပါဘူး။ လိုရင်းတိုရှင်း ရေးရင်တော့ အဆင်ပြေမှာပါ။








*(ပုံ - ၁၁)*

ရေးလိုတာရေးပြီးရင်တော့ အောက်က tweet ကို ကလစ်လိုက်တာနဲ့ မိမိရဲ့သတင်းအချက်အလက်ကို twitter network မှာ ဖြန့်ဝေပြီးသား ဖြစ်သွားပါပြီ။

*






## twitter fomepage မှ
## အသုံးများသော  feature  များ

twitter search box ဘေးမှာပါတဲ့ Home ၊ Profile ၊ Messages ၊ Who To Follow စတာတွေကိုလည်း တွေ့နိုင်ပါတယ်။ Home ကို ကလစ်ကြည့်လိုက်ရင် twitter ရဲ့ မူရင်းစာမျက်နှာ (timeline page)ကို ရောက်ရှိသွားပါမယ်။




မူရင်းစာမျက်နှာမှာက မိမိမိတ်ဆွေများ၊ တစ်နည်းအားဖြင့် မိမိက follow လုပ်ထားတဲ့သူများရဲ့ tweet တွေကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။

Profile ကို နှိပ်လိုက်ရင်တော့ မိမိကိုယ်ရေးစာမျက်နှာ(Profile Page) ကို ရောက်ရှိပါမယ်။

Message ကို ကလစ်နှိပ်ကြည့်ရင်တော့ မက်ဆေ့ပို့ဖို့ စာမျက်နှာကို ရောက်မှာဖြစ်ပြီး Who To Follow ကတော့ follow လုပ်နိုင်တဲ့ မိတ်ဆွေစာရင်းကို အကြံပြုထားတဲ့စာမျက်နှာ ဖြစ်ပါတယ်။

အောက်ဘက်က features လေးတွေရဲ့ လုပ်ဆောင်ပေးမှုတွေကို တစ်ချက်တင်ပြပါမယ်။ အောက်ဘက်မှာရှိတဲ့ Timeline ၊ @Mentions ၊ Retweet ၊ Searches ၊ Lists ဆိုတာတွေရဲ့ အဓိပ္ပာယ်နဲ့ လုပ်ဆောင်ပေးမှုကတော့ -




(၁) **Timeline** က အချိန်နဲ့အမျှ တက်နေတဲ့ သတင်းတွေကို ဖတ်နိုင်မယ့်နေရာ (twitter ရဲ့ အဓိကနေရာ) ဖြစ်ပါတယ်။








(၂) **@Mentions** က မိမိရဲ့မိတ်ဆွေတွေ ဒါမှမဟုတ် တစ်စုံတစ်ဦးက မိမိကို သူတို့ရဲ့ tweet ထဲမှာ ထည့်ရေးထားတာမျိုးတွေကို စာရင်းအလိုက် ဖော်ပြပေးထားခြင်း ဖြစ်ပါတယ်။




(၃) **Retweet** ဆိုတာကတော့ မိတ်ဆွေတွေ တင်ထားတဲ့ tweet တွေကို ကိုယ်က နှစ်သက်လို့ ကြိုက်လို့ ပြန်ရှဲ(share)ထားတာတွေကို ပြထားပေးခြင်း ဖြစ်ပါတယ်။




(၄) **Search** ကတော့ twitter search engine မှာ မိမိရှာထားတဲ့ ရှာဖွေရေးရလဒ်တွေကို သိမ်းထား(Save)လုပ်ခဲ့ရင် အဲဒီရလဒ်တွေ အားလုံးကို စာရင်းပြုစုပေးထားလို့ အချိန်မရွေး ပြန်လည်ကြည့်ရှုနိုင်တဲ့နေရာ ဖြစ်ပါတယ်။




(၅) **Lists** ကတော့ မိမိက မိတ်ဆွေတွေကို စာရင်းလုပ်ထားခဲ့ရင် အဲဒါတွေကို ပြပေးတဲ့ နေရာ ဖြစ်ပါတယ်။

*






# မိမိ ကိုယ်ရေးစာမျက်နှာ profile page အကြောင်း



## မိမိကိုယ်ရေးစာမျက်နှာ (Profile Page)အကြောင်း

မိမိကိုယ်ရေးစာမျက်နှာ (Profile Page) ကို ကြည့်မယ်ဆိုရင်တော့ *(ပုံ - ၂)* အတိုင်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ညာဘက်မှာ မိမိဘယ်နှစ်ကြိမ် tweet လုပ်ထားတယ်၊ ဘယ်နှစ်ယောက်ကို follow လုပ်ထားတယ်၊ ဘယ်နှစ်ယောက်က မိမိကို follow




*(ပုံ - ၁၃)*





လုပ်ထားတယ်၊ ဘယ်သူတွေကို မိမိက List ပြုလုပ်ထားတယ် စတာတွေကို ပြသထားပါတယ်။

ဘယ်ဘက်မှာက မိမိ ကိုယ်ရေးဖိုင်ကို ပြင်ဆင်ရေးသားနိုင်ဖို့ Edit your profile ဆိုတာလေး ပါပါတယ်။ အဲဒါကို ကလစ် နှိပ်လိုက်ရင်တော့ မိမိရဲ့ ကိုယ်ရေးစာမျက်နှာကို စိတ်ကြိုက်ပြောင်းလဲနိုင်ပါလိမ့်မယ်။ Edit your profile ရဲ့ အောက်မှာတော့ မိမိ tweet တွေကို ချည်းသီးသန့် ဖော်ပြပေးထားတဲ့ tweets ၊ မိမိရဲ့ favourite စာရင်းကို ဖော်ပြပေးထားတဲ့ favourites ၊ မိမိက follow ပြုလုပ်ထားတာတွေကို တွေ့ရမယ့် following ၊ မိမိကို follow ပြုလုပ်ထားသူတွေကို မြင်တွေ့နိုင်မယ့် followers နဲ့ မိမိစာရင်းပြုစု မှတ်သားထားသူတွေကို ဖော်ပြပေးထားတဲ့ Lists တို့ကို တွေ့ရမှာ ဖြစ်ပါတယ်။

### Profile page အတွက်
### ဓာတ်ပုံ(Profile Picture)တင်ခြင်း

Profile ဓာတ်ပုံတင်မယ်ဆိုရင် *(ပုံ - ၁၃)* ထဲက ပုံမှာတွေ့ရတဲ့ ညာဘက်အပေါ် ထောင့်က Mr.Sun5 လို့ ပြထားတဲ့ မိမိအကောင့်အမည်ဘေးက တြိဂံငယ်လေးကို ကလစ်နှိပ်လိုက်ပါ။

အဲဒီလို ကလစ်လိုက်ရင် ကျလာမယ့် စာတွေထဲက Settings ဆိုတာကို ထပ်ပြီး ကလစ်နှိပ်လိုက်မယ်ဆိုရင် *(ပုံ - ၁၄)* လို မြင်ရပါလိမ့်မယ်။ မိမိကိုယ်ရေးအကျဉ်း (Profile)ကို စိတ်ကြိုက်ပြုပြင်နိုင်တော့မှာ ဖြစ်ပါတယ်။

ပုံမှာ ပြထားတဲ့အတိုင်း Profile ရဲ့အောက်က ပြင်နိုင်တဲ့ အချက်အလက်တွေထဲမှာ ဓာတ်ပုံလည်း ပါပါတယ်။ ခုမှ အကောင့်သစ်ဖွင့်လို့ ဓာတ်ပုံ စတင်ချင်သူပဲ ဖြစ်ဖြစ်၊ ဓာတ်ပုံတင်ပြီးသား လူပဲ ဖြစ်ဖြစ် ဒီနေရာကပဲ ဓာတ်ပုံကို တင်နိုင်ပြင်နိုင်မှာ ဖြစ်ပါတယ်။




(ပုံ - ၁၄)

ဓာတ်ပုံတင်မယ်ဆိုရင်တော့ ထုံးစံအတိုင်း Browse ကိုနှိပ်ပါ။ မိမိကွန်ပျူတာထဲမှာ သိမ်းဆည်းထားတဲ့ စိတ်ကြိုက်ဓာတ်ပုံ တစ်ပုံကို ရွေးချယ်လိုက်ပြီး OK နှိပ်လိုက်ရုံပါပဲ။ ဓာတ်ပုံဖိုင်ဆိုက်က အရမ်းမကြီးဖို့တော့ လိုပါတယ်။ ဖိုင်ဆိုက်သေးလေ တင်ရတာ မြန်ဆန်လွယ်ကူလေပေါ့။

ဓာတ်ပုံတင်ပြီးပြီဆိုရင် အောက်ဘက်က မိမိနဲ့ဆိုင်နဲ့ အချက်အလက်တွေကို မဖြည့်ရသေးရင်လည်း ဖြည့်နိုင်၊ ဖြည့်ပြီးတာတွေကို ပြန်ပြင်ချင်တယ်ဆိုရင်လည်း ပြန်ပြင်နိုင်ပါတယ်။ အမည်၊ မိမိနေထိုင်ရာနေရာ၊ မိမိကိုယ်ပိုင် ဝက်ဘ်ဆိုက်ရှိခဲ့ရင် လိပ်စာရေးပေးဖို့နေရာ၊ မိမိကိုယ်ရေးအကျဉ်း(ရေးလိုက ရေးရန်)နေရာတို့ ပါဝင်ပြီး စိတ်ကြိုက်ရေးသားပြုပြင်ပြီးပြီ ဆိုရင်တော့ အောက်ဆုံးက Save ကို နှိပ်ဖို့ မမေ့ပါနဲ့။ Save ကို မနှိပ်ခဲ့ရင် မိမိပြင်ထားပြောင်းထားသမျှ အလဟဿ ဖြစ်သွားမှာ မို့လို့ပါ။ Save ကို ကလစ်နှိပ်ပြီးပြီဆိုရင်တော့ profile ဓာတ်ပုံတင်ခြင်းနဲ့ ဒီစာတစ်မျက်နှာကို ပြင်ဆင်ခြင်းကိစ္စ အောင်မြင်ပါပြီ။






## နောက်ခံအရောင်နှင့် ဒီဇိုင်းကို ပြင်ဆင်ခြင်း

ဓာတ်ပုံတင်ပြီးပြီဆိုရင် မိမိကိုယ်ပိုင်စာမျက်နှာလေးကို ဒီဇိုင်းလှလှလေးတွေနဲ့ မျက်စိပသာဒဖြစ်ဖွယ် အလှဆင်လိုတယ်ဆိုရင်တော့ မှနက ပြင်ဆင်ခဲ့တဲ့ Profile ဆိုတာရဲ့ ဘေးကပ်ရက်က Design ဆိုတာကို ကလစ်နှိပ်လိုက်ပါ။ ဒါဆို *(ပုံ - ၁၅)* မှာ မြင်ရသလို စာမျက်နှာတစ်ခုကျလာမှာ ဖြစ်ပါတယ်။ အဲဒီမှာတော့ Default ဒီဇိုင်းတွေ ပေးထားတာကြောင့် မိမိနှစ်သက်တဲ့ဒီဇိုင်းကို ကလစ်တစ်ချက်နှိပ်ပြီး ရွေးချယ်လို့ရပါတယ်။

အဲဒီထဲကမှ မိမိနှစ်သက်ရာ နောက်ခံတွေကို ကလစ်လုပ်ပြီး ပြောင်းလဲသွားမယ့် နောက်ခံအရောင်နဲ့ ဒီဇိုင်းပုံတွေကို အစမ်းကြည့်ရှုနိုင်ပါတယ်။ နောက်ခံရုပ်ပုံမလိုချင်ဘဲ အရောင်ချည်းပဲ ထားချင်တယ်ဆိုလည်း ရပါတယ်။ နောက်ခံရုပ်ပုံကို ကိုယ့်စိတ်ကြိုက်ပုံထားလို့လည်း ရပါတယ်။ Change background image ၊ change background color စတဲ့ ရွေးချယ်စရာတွေ ပါပါတယ်။




(ပုံ - ၁၅)



(ပုံ - ၁၆)

တကယ်စိတ်ကြိုက်တွေ့တဲ့ နောက်ခံအရောင်နဲ့ ဒီဇိုင်းကို တွေ့ပြီဆိုရင်တော့ (ပုံ - ၁၆) မှာ မြင်ရသလိုပဲ အောက်ဆုံးမှာပါတဲ့ Save Change ကို နှိပ်လိုက်ပါ။ အဲဒီလိုမှ မဟုတ်ဘဲ မိမိစိတ်ကြိုက်နောက်ခံပုံ မရသေးဘူးဆိုရင်လည်း Change Background image ကို ကလစ်နှိပ် လုပ်ပြီး ပြုပြင်ပြောင်းလဲ နိုင်ပါသေးတယ်။ Change Design Colors ကို နှိပ်ရင်လည်း နောက်ခံဘက်ဂရောင်းအတွက် အရောင်တွေ ထပ်မံပြောင်းလဲမှာ ဖြစ်ပါတယ်။

အားလုံးစိတ်ကြိုက် ပြောင်းလဲပြီးပြီဆိုတိုင်း (ပုံ - ၁၆) အောက်ဆုံးမှာ အမြဲပါတတ်တဲ့ Save Changes ဆိုတာကို ကလစ်လုပ်ဖို့ မမေ့ပါနဲ့။ ဒါမှသာ မိမိကြိုးစားအားထုတ်ထားတဲ့ ပြောင်းလဲမှုတွေကို မှတ်သားပေးသွားမှာ ဖြစ်ပါတယ်။ မဟုတ်ရင်တော့ အထက်မှာ ရေးခဲ့သလို အလဟဿဖြစ်သွားပြီး နဂို Default settings အတိုင်း ပြန်ပြောင်းသွားမှာ ဖြစ်လို့ပါ။

(twitter အသုံးပြုသူတွေအနေနဲ့ ဝါသနာပါမယ်၊ အချိန်ရမယ်ဆိုရင် ဘေးဘက်က Side bar မှာ ပါတဲ့ လမ်းညွှန်စာတွေကို ဖတ်ရှုပြီး






တော့ မိမိနဲ့ အစိမ်းသက်သက်ဖြစ်နေတဲ့ အသုံးပြုနည်းတွေကို ကိုယ်တိုင်ဖတ်ရှုလေ့လာနိုင်ပါသေးတယ်။)

မိမိကိုယ်ရေး အချက်အလက်တွေကို ပြင်ဆင်ပြီး Save Changes ကို ကလစ်လိုက်တာနဲ့ twitter က အခုအသုံးပြုသူဟာ တကယ့်အကောင့်ပိုင်ရှင်မှန်ရဲ့လား၊ တကယ့်အကောင့်ပိုင်ရှင်မှန်ဖြစ်မှ ပြောင်းလဲမှုကို Save လုပ်ပေးမှာဖြစ်တဲ့အတွက် twitter အသုံးပြုတဲ့ ပတ်စဝေ့ါကို ထပ်ရိုက်ပေးဖို့ Save account changes ဆိုတဲ့ Box တစ်ခု ကျလာမှာဖြစ်ပါတယ်။ (ပုံ - ၁၇) တွင် ကြည့်ပါ။

အဲဒီမှာမှ မိမိရဲ့ Twitter စကားဝှက် (Password) ကို ရိုက်ထည့်ပေးလိုက်ပြီး Save Changes ကို နှိပ်လိုက်မယ်ဆိုရင် မိမိပြင်ဆင်ထားသမျှ အရာထင်ပြောင်းလဲသွားပါပြီ။ ဒီတစ်ဆင့်ကို ထပ်ထည့်ပေးထားတာကို အသုံးပြုသူတွေအနေနဲ့ အလုပ်ရှုပ်တယ်လို့ မယူဆစေချင်ပါဘူး။ ဒီတစ်ဆင့်ထည့်ထားခြင်းအားဖြင့် twitter က မိမိကိုယ်ပိုင် Account လုံခြုံမှုကို ပိုမိုအားကောင်းစေပြီး Privacy ဆိုင်ရာအကျိုးဖြစ်ထွန်းစေလို့ ဖြစ်ပါတယ်။




(ပုံ - ၁၇)

ဒီထက်ပိုပြီး twitter ရဲ့ Privacy Policy ကို အသေးစိတ်သိချင်ဖတ်ချင်တယ်ဆိုရင်တော့ www.twitter.com/privacy မှာ သွားရောက်ကြည့်ရှုနိုင်ပြီး privacy@twitter.com ကို အီးမေးလ်ပို့ပြီးတော့လည်း မိမိသိလိုသမျှတွေကို ပေးပို့မေးမြန်းနိုင်မှာ ဖြစ်ပါတယ်။

## စကားဝှက် (Password) အသစ်ပြန်ပေးခြင်း

လက်ရှိ Password ကို တစ်ယောက်ယောက်သိသွားလို့ Password အသစ်ပြန်ပေးချင်တယ် ဒါမှမဟုတ် ပတ်စဝေ့ါပြောင်းနည်းလေးကို စမ်းသပ်ချင်တယ်ဆိုရင်တော့ *(ပုံ - ၁၈)* မှာပြထားတဲ့အတိုင်း အပေါ် bar လေးထဲက Password ဆိုတာကို ရွေးချယ်ထားရပါမယ်။




*(ပုံ - ၁၈)*

ပြီးရင်တော့ တွေ့ရတဲ့အတိုင်း လက်ရှိပတ်စဝေ့ါ (Current password)၊ အသစ်ပြန်ပေး ချင်တဲ့ ပတ်စဝေ့ါ(New Password)နဲ့ အသစ်ပြန်ပေးထားတဲ့ ပတ်စဝေ့ါ ကို သေချာအောင် ထပ်မံရိုက်ထည့်ရတဲ့ Verify New Password စတဲ့ ကွက်လပ်တွေကို အစဉ်လိုက်ဖြည့်လိုက်ပါ။ နောက်ဆုံးမှာတော့ ထုံးစံအတိုင်း Change ကို ကလစ်နှိပ်လိုက်ရင်တော့






မိမိရဲ့ twitter အကောင့်ကို ဝင်တဲ့ စကားဝှက် (password) ပြောင်းလဲသွားပြီ ဖြစ်ပါတယ်။


## Notification Settings ကို ပြင်ဆင်ခြင်း

Notification Settings ဆိုတာက မိမိ twitter အကောင့်နှင့်ပတ်သက်သော အသိပေးအီးမေးလ်များဝင်ခြင်းကို ထိန်းချုပ်ပြင်ဆင်ပေးနိုင်တဲ့ အပိုင်းဖြစ်ပါတယ်။*(ပုံ - ၁၉)* နှင့် *(ပုံ - ၂၀)* မိမိဆီကို တိုက်ရိုက်မက်ဆေ့ပို့တာတို့၊ မိမိက ပို့တဲ့မက်ဆေ့ကို သူတပါးက ပြန်တာတို့၊ မိမိကို တစ်စုံတစ်ဦးက သူ့ရဲ့ tweet ထဲမှာ Mention လုပ်လိုက်တာတို့၊ မိမိကို တစ်စုံတစ်ဦးက follow ပြုလုပ်တာတို့ စတဲ့ အပြောင်းအလဲများဖြစ်တိုင်း twitter က မိမိရဲ့ Email ဆီကို အသိပေးတဲ့ အီးမေးလ်တွေ ပို့လေ့ရှိပါတယ်။ အဲဒီလို အီးမေးလ်တွေကို မရချင်ဘူးဆိုရင် ဘေးနားလေးမှာပါတဲ့ လေးထောင့်ကွက်လေး(Check Box)ထဲမှာ အမှန်ခြစ်လေး ဝင်မနေအောင် ပြန်ကလစ်ပေးလိုက်ပါ။

အမှန်ခြစ်လေးဝင်နေရင် အဲဒီအမှန် ခြစ်လေးအပေါ် တစ်ချက်




*(ပုံ - ၁၉)*




(ပုံ - ၂၀)

ထပ်ကလစ်လိုက်ပြီး အမှန်ခြစ်လေးဝင်မနေဘဲ ပြောင်းနေမယ်ဆိုရင် တော့ ထပ်ကလစ်စရာ မလိုပါဘူး။

အဲဒီလို အီးမေးလ်တွေကို ကြည့်ချင်တယ် လက်ခံရယူလိုတယ် ဆိုရင်တော့ အမှန်ခြစ်လေးတွေ လိုက်ကလစ်ပေးလိုက်ပါ။ အားလုံး စိတ်တိုင်းကျပြီဆိုရင် ထုံးစံအတိုင်း Save ကို နှိပ်ပြီး ပြောင်းထားတာ မှန်သမျှကို မှတ်ခိုင်းလိုက်ပါ။




(ပုံ - ၂၀)





(ပုံ - ၂၀) မှာ ပြထားတဲ့ setting ကတော့ မြန်မာ နိုင်ငံတွင်းမှာ နေသူတွေအတွက် အသုံးမဝင်သေးတဲ့ လုပ်ဆောင်ချက် ဖြစ်ပါတယ်။ twitter အသုံးပြုသူတွေအတွက် မိုဘိုင်းဖုန်းမှာ twitter ကတစ်ဆင့် တစ်ဦးနဲ့တစ်ဦး မက်ဆေ့ပို့နိုင်ဖို့ twitter ရဲ့ notification တွေကို ရယူလို ရင် မက်ဆေ့ကတစ်ဆင့် ရယူနိုင်ဖို့ မိမိနေထိုင်ရာ တိုင်းပြည်ကို ရွေးချယ် ထည့်ပြီး ဖုန်းနံပါတ်ကိုပါ ပေးရပါမယ်။

မိမိပေး ထားတဲ့ဖုန်းနံပါတ်ကို သူတပါးတွေ့မှာစိုးရင် ဖုန်းနံပါတ် အောက်မှာပါတဲ့ Check box မှာ အမှန်ခြစ်ဖြုတ်ပေးရင် မိမိဖုန်းနံပါတ်ကို twitter ကလွဲလို့ ဘယ်သူမှ မသိတော့ပါဘူး။

## Twitter ရှာဖွေရေးအင်ဂျင် အသုံးပြုခြင်း

Twitter ရှာဖွေရေးအင်ဂျင် (search engine) ကိုအသုံးပြုပြီး ကိုယ်ရှာထားသမျှအချက်အလက်တွေ အားလုံးကို ပြန်သိမ်းထားနိုင်တဲ့ ဝန်ဆောင်မှုတစ်ခုကို twitter က ပေးထားပါတယ်။




(ပုံ - ၂၂)


ရှာဖွေထားသမျှတွေကို အချိန်မရွေး ပြန်ကြည့်ချင်သူတွေအဖို့ တော့ တော်တော်ကို အသုံးဝင်တဲ့ Feature ပါ။ twitter search engine မှာ မိမိက Apple Inc. အကြောင်း ရှာဖွေကြည့်ရှုလိုက်တယ်ဆိုပါစို့။ ထွက် လာတဲ့အဖြေတွေထဲက လက်ရှိအသုံးလိုတာလေးပဲယူပြီး နောင်တစ်ချိန်


ပြန်သုံးဖို့ အချက်အလက်တွေကိုတော့ Save Search ဆိုတဲ့ အကွက်လေးကို နှိပ်လိုက်တာနဲ့ မိမိ Account ထဲမှာ အလိုလို မှတ်သားပေးသွားမှာ ဖြစ်ပါတယ်။

လိုအပ်တဲ့အချိန်မှာ Save Searches ကို ပြန်ကလစ်လိုက်မယ်ဆိုရင် မိမိသိလိုတဲ့အချက်တွေကို ခဏတွင်းချင်းပြန်ရှာဖွေနိုင်ပါလိမ့်မယ်။ အဲဒီလို Save ပြုလုပ်ထားခြင်းအားဖြင့် မိမိသိလိုတာတွေကို နှစ်ခါပြန်ရှာနေစရာ မလိုတော့ဘဲ အလွယ်တကူတွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။

*






## Save Search ပြုလုပ်ပုံ

၁။ အရင်ဆုံး twitter account ကို Log in ဝင်လိုက်ပါ။

၂။ စာမျက်နှာအပေါ်ဆုံးနားလေးက ရှာဖွေရေး box ထဲမှာ ရှာဖွေလိုတာ ရိုက်ထည့်ပြီး enter နှိပ်ပါ။

၃။ ရှာဖွေရေးရလာဒ်တွေ ပေါ်လာတာနဲ့ *(ပုံ - ၂၃)* မှာ ပြထားတဲ့ Save this Search ဆိုတဲ့ အကွက်လေးကို ကလစ်နှိပ်လိုက်ပါ။




*(ပုံ - ၂၃)*





ဒါဆိုရင်တော့ မိမိရှာဖွေထားသမျှကို twitter က မိမိအကောင့်ထဲမှာ အလိုလိုသွားမှတ်ထားပေးပါလိမ့်မယ်။ အလိုရှိတဲ့ အချိန်ကျမှ Timeline ဘေးက feature တွေထဲက တစ်ခုဖြစ်တဲ့ Searches ဆိုတာလေးကို ကလစ်လိုက်ရင် မိမိရှာဖွေပြီး မှတ်ထားသမျှ ရှာဖွေရေးရလဒ်တွေကို ပြန်မြင်ရမှာ ဖြစ်ပါတယ်။ Twitter Account တစ်ခုကို save search ပေါင်း ၂၅ ခုကျော် ပြုလုပ်ထားနိုင်တယ်လို့ ဆိုပါတယ်။





*(ပုံ - ၂၄)*

ကိုယ် သိမ်း(save)ပြုလုပ်ထားတဲ့ အချက်အလက်တွေကို မလိုချင်တော့လို့ ပြန်ဖျက်မယ်(Delete)လုပ်မယ်ဆိုရင်တော့ *(ပုံ - ၂၄)* မှာ မြင်ရသလို Remove Saved Search ကို ကလစ်တစ်ချက်လုပ်လိုက်ပြီး ဖျက်လိုက်နိုင်ပါတယ်။

*





## twitter တွင် ဗီဒီယိုဖိုင်နှင့် ဓာတ်ပုံတင်ခြင်း


### ဗီဒီယိုဖိုင်တင်ခြင်း

twitter မှာ ဗီဒီယိုဖိုင်ကို www.twitter.com မှာ တိုက်ရိုက်တင်လို့ မရပါဘူး။ YouTube ၊ Vimeo ၊ Ustream ၊ Justin.tv ၊ Twitlens နဲ့ Twitvid စတဲ့ ဗီဒီယိုဝက်ဘ်ဆိုက်တွေမှာ မိမိတင်လိုတဲ့ ဗီဒီယိုဖိုင်ကို တင်ပြီးရင် twitter ကို နောက်တစ်ဆင့် ဆက်သွယ်ပြီးမှ တင်လို့ရမှာ ဖြစ်ပါတယ်။

နောက်တစ်မျိုးကတော့ www.twitter.com မှာ ကိုယ်တင်လိုက်တဲ့ tweet ထဲမှာ ကိုယ်တင်ထားတဲ့ ဗီဒီယိုလင့်ကို ကော်ပီကူးထည့်ပေးခြင်း အားဖြင့်လည်း မိမိရဲ့ဗီဒီယိုဖိုင်ကို အများပြည်သူကြည့်နိုင်အောင် တင်လို့ ရပါသေးတယ်။

## ဓာတ်ပုံတင်ခြင်း

မိမိရဲ့ twitter homepage က tweet box ကို ကလစ်လိုက်တဲ့အခါမှာ အောက်ဘယ်ဘက်နားလေးမှာ icon နှစ်ခု ပေါ်နေပါလိမ့်မယ်။ တစ်ခုက သံလိုက်အိမ်မြှောင်ပုံလေးနဲ့ နောက်တစ်ခုက ကင်မရာပုံလေးဖြစ်ပါတယ်။ *(ပုံ - ၂၅)*




*(ပုံ - ၂၅)*

သံလိုက်အိမ်မြှောင်ကတော့ မိမိရဲ့တည်နေရာကို ထည့်သွင်းဖို့ဖြစ်ပြီး ကင်မရာလေးကတော့ ဓာတ်ပုံတွေတင်ဖို့ ဖြစ်ပါတယ်။


မိမိတင်မယ့်ဓာတ်ပုံအရွယ်အစားက အကြီးဆုံး 3 MB အထိတင်လို့ရပါတယ်လို့ ပြောထားပါတယ်။ ဖိုင်ဆိုက်သေးလေ တင်ရမြန်လေပေါ့။ တင်လိုက်ပြီဆိုတာနဲ့ twitter timeline ရဲ့ ညာဘက်ဘေးမှာရှိတဲ့ အချက်အလက်ပြနေရာ(display pane) မှာ အံဝင်ခွင်ကျဖြစ်အောင် twitter က အလိုလိုညှိပေးပါလိမ့်မယ်။

တင်နိုင်တဲ့ ဓာတ်ပုံအမျိုးအစားတွေကတော့ .gif ၊ .jpeg နဲ့ .png ဖိုင်တွေ ဖြစ်ပါတယ်။ .bmp နဲ့ .tiff ဖိုင်တွေကိုတော့ လောလောဆယ်တင်လို့ မရသေးပါဘူး။ ဓာတ်ပုံတင်ပုံ အဆင့်ဆင့်ကို ပြောပြပါမယ်။

၁။ ကင်မရာပုံလေးကို ကလစ်လိုက်တာနဲ့ မိမိတင်လိုတဲ့ ဓာတ်ပုံကို ဖိုင်လမ်းကြောင်းရွေးနိုင်မယ့် Browser ကျလာပါမယ်။









*(ပုံ - ၂၆)*

၂။ ကိုယ်က တင်လိုတဲ့ဓာတ်ပုံကို ရွေးချယ်ပြီး OK နှိပ်လိုက်ရင် Figure 20 မှာပြထားတဲ့အတိုင်း ကိုယ့်ရဲ့ tweet box ကို မြင်ရမှာဖြစ်ပါတယ်။

၃။ Tweet box ရဲ့ အောက်ဘယ်ဘက်ထောင့်မှာ မိမိတင်လိုက်တဲ့ရုပ်ပုံကို အသေးစားမြင်နေရမှာပါ။ တချို့ Browser တွေမှာတော့ *(ပုံ - ၂၇)* မှာ ပြထားသလို ရုပ်ပုံအသေးစားလေးအစား ရုပ်ပုံရဲ့ဖိုင်နာမည်သာ မြင်ရတတ်ပါတယ်။ ပုံတင်ပြီးတဲ့ နောက်မှာကင်မရာ Icon က အပြာရောင်ကို ပြောင်းသွားမှာ ဖြစ်ပါတယ်။ ပုံတင်ပြီးရင် မိမိတင်နိုင်တဲ့ စကားလုံးပမာဏ နည်းသွားပါလိမ့်မယ်။




*(ပုံ - ၂၇)*

၄။ ကိုယ်တင်လိုက်တဲ့ရုပ်ပုံကို ပြန်ဖျက်ချင်တယ်ဆိုရင်တော့ ရုပ်ပုံငယ်လေးရဲ့ ညာဘက်အပေါ်ထောင့်က ကြက်ခြေခတ်လေးကို ကလစ်လိုက်တာနဲ့ ပျက်သွားမှာ ဖြစ်ပါတယ်။

၅။ ပုံတင်ပြီးပြီဆိုရင် မိမိရေးလိုတဲ့စာကို ရေးပြီး Tweet ခလုတ်လေးကို ကလစ်လိုက်ပါ။




(ပုံ - ၂၈)





(ပုံ - ၂၉)






၆။ အောင်မြင်စွာ Tweet တစ်ခုကို တင်လိုက်ပြီးပြီဆိုတာနဲ့ မိမိတင်လိုက်တဲ့ပုံကို Display pane မှာ မြင်ရအောင် မိမိရဲ့ Tweet ကို နှိပ်ကြည့်လိုက်ပါ။ (ပုံ - ၂၈) မှာ နဲ့ (ပုံ - ၂၉) မှာပြထားသလို မိမိတင်လိုက်တဲ့ပုံကို ညာဘက်က Details Pane သို့မဟုတ် Display Pane မှာ မြင်ရမှာ ဖြစ်ပါတယ်။ ဒါဆိုရင်တော့ Tweet မှာ ရုပ်ပုံတင်ခြင်း ကိစ္စအောင်မြင်သွားပြီ ဖြစ်ပါတယ်။




(ပုံ - ၃၀)

မိမိတင်လိုက်တဲ့ရုပ်ပုံကို ပြန်ဖျက်ချင်တယ် Delete လုပ်ချင်တယ်ဆိုရင်တော့ ရုပ်ပုံနဲ့တွဲတင်ထားတဲ့ Tweet တစ်ခုလုံးကို Delete လုပ်လိုက်ခြင်းအားဖြင့် Tweet ပျက်သွားတာနဲ့ ပုံကိုပါ မြင်ရတော့မှာ မဟုတ်ပါဘူး။ (ပုံ - ၃၀) Delete ပြုလုပ်လိုက်တဲ့ ရုပ်ပုံကို Search Result မှာလည်း ရှာမတွေ့နိုင်တော့ပါဘူး။






(ပုံ - ၃၁)

ရုပ်ပုံနဲ့ ပတ်သက်ပြီး ထင်မြင်ချက်(Comment) ပေးလိုတယ် ဆိုရင်တော့ ရုပ်ပုံတွဲတင်ထားတဲ့ Tweet ကို (ပုံ - ၃၁)က အတိုင်း Reply ပြုလုပ်လိုက်ရုံပါပဲ။

*





## twitter ရဲ့ Error များ

တစ်ခါတစ်ရံမှာ twitter ရဲ့ အချက်အလက် (Data) ပိုင်းဆိုင်ရာ ဝန်ပိသွားမှုတွေ ဖြစ်ပေါ်တတ်ပါတယ်။





(ပုံ - ၃၂)

အဲဒီအခါမျိုးမှာဆို အထက် ဖော်ပြပါပုံအတိုင်း မြင်ရသလို စာမျက်နှာတစ်ခုကို twitter က ဖော်ပြခြင်းအားဖြင့် Data စီးဆင်းမှုခေတ္တ ရပ်တန့်သွားခြင်းကို အသုံးပြုသူတွေထံ အသိပေးလေ့ ရှိပါတယ်။







(ပုံ - ၃၃)

အဲလိုအချိန်မျိုးဆိုရင် twitter ကို ဆက်လက်အသုံးမပြုနိုင်တော့တဲ့ ခဏစောင့်ဆိုင်းရပါမယ်။ ပြီးမှ အပေါ်ဆုံးညာဘက်ထောင့်က Home ဆိုတဲ့ စာသားကို ကလစ်တစ်ချက်နှိပ်လိုက်ရင် twitter ပုံမှန်စာမျက်နှာဆီ ပြန်ရောက်သွားမှာ ဖြစ်ပါတယ်။

### twitter account ကို ဖျက်ပစ်ခြင်း (သို့) deactivate လုပ်ခြင်း

မိမိအသုံးပြုနေတဲ့ twitter account ကို ဆက်လက် အသုံးမပြုချင်တော့ဘူးဆိုရင် Deactivate ပြုလုပ်လို့ ရပါတယ်။ ဖျက်မယ်ဆိုတာ သေချာပြီဆိုရင်တော့ Settings ထဲက Account ဆိုတဲ့ ခေါင်းစဉ်ခွဲလေး အောက်က စာမျက်နှာအောက်ဆုံးမှာပါတဲ့ Deactivate my account ဆိုတဲ့ စာသားကို ကလစ်လုပ်လိုက်မယ်ဆိုရင် အောက်ကပုံအတိုင်း စာမျက်နှာ ကျလာပါလိမ့်မယ်။

အဲဒီစာမျက်နှာမှာ မိမိကိုယ်ပိုင်အကောင့်ကို အပြီးတိုင် ဖျက်သိမ်းချင်သူများအတွက် အသိပေးစာတွေ တင်ပေးထားပါတယ်။ မိမိအကောင့်ကို ဖျက်လိုက်ပြီဆိုရင် twitter က အဆိုပါအကောင့်ကို တစ်လအထိထိန်းသိမ်းပေးထားပါတယ်။ တစ်လပြည့်ပြီးနောက်မှသာ လုံးဝဖျက်ပေးမှာဖြစ်ပြီး တစ်လအတွင်း စိတ်ပြောင်းပြီး ဖျက်လိုက်တဲ့အကောင့်


ကို ပြန်သုံးချင်တယ်ဆိုရင် ပြန်သုံးနိုင်မှာဖြစ်ပါတယ်။ တစ်လပြည့်လို့ twitter က ဖျက်လိုက်တဲ့အခါမှာတော့ လုံးဝပြန်သုံးလို့ မရတော့ပါဘူး။




(ပုံ - ၃၄)

User name ပြန်ပြောင်းချင်ရုံသက်သက်နဲ့ မိမိအကောင့်ကို ဖျက်လိုက်မိတဲ့အဖြစ်မျိုးလည်း မဖြစ်ရအောင် twitter က သတိပေးထားပါတယ်။

ဖျက်ချင်တဲ့အကောင့်က User name နဲ့ အီးမေးလ်လိပ်စာကို အခြားအကောင့်အသစ်တစ်ခုပြန်ဖွင့်တဲ့အခါမှာ သုံးချင်တယ်ဆိုရင် ဖျက်မယ့် အကောင့်ကို မဖျက်ခင် User name နဲ့ အီးမေးလ်လိပ်စာကို ပြောင်းပေးခဲ့ရမှာ ဖြစ်ပါတယ်။ ဒါမှ အကောင့်အသစ်မှာ ပြန်သုံးလို့ရမှာဖြစ်ပြီး မပြောင်းပစ်ခဲ့ရင်တော့ ပြန်သုံးလို့မရတော့ပါဘူး။




(ပုံ - ၃၅)





မိမိအကောင့်ကို ဖျက်လိုက်တာနဲ့ မိနစ်ပိုင်းအတွင်းမှာ အကောင့်ကို ဘယ်သူမှ မမြင်နိုင်တော့ဘဲ ပျောက်သွားမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ မိမိတင်ထားတဲ့အချို့အချက်အလက်တွေကိုတော့ သုံးလေးရက်အတွင်း တွေ့မြင်နေနိုင်ပါသေးတယ်။

ကိုယ်အသုံးပြုနေတဲ့ အကောင့်ကို ဖျက်ပစ်မယ်ဆိုတာ သေချာဆုံးဖြတ်ပြီးပြီဆိုရင်တော့ Okay, fine, deactivate ကို ကလစ်လိုက်ပါ။ နောက်တစ်လအကြာမှာဆို လုံးဝတစ်သက်စာ ပျက်သွားတော့မှာ ဖြစ်ပါတယ်။ တစ်လအတွင်းမှာ အကြောင်းအမျိုးမျိုးကြောင့် အကောင့်ကို ပြန်သုံးချင်စိတ်ပေါ်လာမယ်ဆိုရင်တော့ Reactivate ပြန်လုပ်လိုက်ရုံပါပဲ။

## Unfollow ပြုလုပ်ခြင်း

မိမိ follow ပြုလုပ်ထားတဲ့သူကို follow စာရင်းက ပြန်ဖြုတ်ချင်တယ်ဆိုရင်တော့ Unfollow ပြုလုပ်ပေးရမှာ ဖြစ်ပါတယ်။ မိမိ Unfollow ပြုလုပ်ချင်တဲ့အကောင့်ပိုင်ရှင်ရဲ့ Profile ကို အရင်ဆုံး သွားကြည့်ရပါမယ်။

ဥပမာအားဖြင့် Figure 36 မှာပြထားသလို Celebrityzone ကို Unfollow ပြုလုပ်မယ်ဆိုရင် Celebrityzone ရဲ့ Profile page ကို သွားပါမယ်။




(ပုံ - ၃၆)

Celebrityzone ရဲ့ Profile Page ကို ရောက်ရင် Profile image အောက်မှာ တွေ့ရမယ့် following ဆိုတဲ့ အစိမ်းရောင် အကွက်လေးကို ထောက်ကြည့်လိုက်ပါ။




(ပုံ - ၃၇)

Unfollow ဆိုပြီး အကွက်က အနီရောင် ပြောင်းသွားရင် ကလစ်လိုက်ပါ။ ဒါဆို မိမိ follow ပြုလုပ်ထားတဲ့စာရင်းကနေ Celebrityzone ပျောက်သွားပြီ ဖြစ်ပါတယ်။

ဒီနည်းနဲ့ ကိုယ်မတွေ့ချင်တော့တဲ့ follow ပြုလုပ်ထားသူတွေကို Unfollow အလွယ်တကူ ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ Unfollow ကို မှားလုပ်မိတယ်ဆိုရင်လည်း follow ဆိုတဲ့ အစိမ်းရောင်အကွက်လေးကို ပြန်ကလစ်လုပ်လိုက်ရုံပါပဲ။ twitter ရဲ့ အားသာချက်က follow နဲ့ Unfollow ကို အလွယ်တကူ ပြုလုပ်နိုင်ပြီး သတင်းအချက်အလက်ရဖို့ အထောက်အကူ ပိုပြုနိုင်တာ ဖြစ်ပါတယ်။








## လူပြောများသော twitter အကြောင်း

"ကမ္ဘာကြီးမှာ ဖြစ်ပေါ်နေတဲ့ လတ်တလော အဖြစ်အပျက်တွေ၊ နောက်ဆုံးရသတင်းတွေကို စက္ကန့်နဲ့အမျှ မျက်တောင်တခတ်အတွင်း ကိုယ့်ရှေ့မှောက်အရောက်၊ ရရှိနိုင်ဖို့ သတင်းအသားပေး လူမှုကွန်ရက် တစ်ခုဖြစ်တဲ့ twitter ကို သုံးတာ အကောင်းဆုံးပါ"လို့ Social Networking ကို လေ့လာသူတွေက ဆိုပါတယ်။

တကယ်ကိုလည်း Information Network လို့ အမည်ယူထားတဲ့ twitter ဟာ တစ်ဦးနဲ့တစ်ဦးကို စက္ကန့်မလပ် ချိတ်ဆက်ပေးထားတဲ့၊ နောက်ဆုံးရသတင်း အချက်အလက်တွေ ဝေမျှသိရှိနိုင်တဲ့၊ စိတ်ဝင်စားဖွယ် အကြောင်းအရာတွေကို မျှဝေခံစားနိုင်တဲ့ သတင်းကွန်ရက်တစ်ခု ဖြစ်ပါတယ်။

twitter ရဲ့ အသည်းနှလုံး (သို့တည်းမဟုတ်) twitter ရဲ့ အဓိက အစိတ်အပိုင်းကတော့ Tweet လို့ ခေါ်တဲ့ အသုံးပြုသူတွေ တင်လိုက်တဲ့ Post တွေ ဖြစ်ပါတယ်။ ငှက်ကလေးတွေ ကျီကျီကျာကျာ အော်မြည်ကြ၊ တေးဆိုကြတာကို twitter လို့ ခေါ်ပြီး အော်မြည်သံ၊ တေးဆိုသံကို





Tweet လို့ ခေါ်တာပါ။ twitter Social Network မှာ အသုံးပြုသူတွေ တစ်ဦးနဲ့တစ်ဦး ဝေမျှကြတဲ့ Post တွေကို Tweet လို့ခေါ်ပြီး မိမိ ဘယ်နှစ်ခါ Post တင်လိုက်တယ်ဆိုတာကို 1 Tweet ၊ 2 Tweets စသည်ဖြင့် ခေါ်ဝေါ်သတ်မှတ်ထားပါတယ်။

Tweet တစ်ခုစီမှာ စာလုံးရေ ၁၄၀ ထိ ရေးနိုင်ပါတယ်။ စာလုံးရေ 140 ဆိုတာ အင်္ဂလိပ်စာလုံးအနေနဲ့ နည်းတယ် မပြောသာပေမဲ့ မြန်မာစာလုံးတွေနဲ့ ဆိုရင်တော့ သိပ်မများဘူး ပြောရပါမယ်။ ယပင့်၊ ယရစ်၊ အသတ် စတာတွေ တစ်ခုချင်းကို စာလုံးတစ်လုံးစီအဖြစ် ရေတွက်သွားတာကြောင့် ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကမ္ဘာလုံးချီတဲ့ သတင်းအချက်အလက်တွေ မျှဝေကြသူတွေကတော့ များသောအားဖြင့် အင်္ဂလိပ်ဘာသာနဲ့သာ Tweet ကြတာ များလို့ ဒီပြဿနာကို ခဏမေ့ထားလို့ရပါတယ်။ တစ်နည်းအားဖြင့် မြန်မာလို Tweet ချင်တယ်ဆိုရင်လည်း လိုရင်းတိုရှင်း Tweet လိုက်ရုံပါပဲ။



Tweet တစ်ခုချင်းစီကို တစ်ခုနဲ့တစ်ခု ချိတ်ဆက်ထားခြင်းအားဖြင့် သတင်းအပိုဆောင်းတွေ ထပ်တိုးရနိုင်သလို ပိုမိုနက်ရှိုင်းတဲ့ အကြောင်းအရာတွေပါ မိမိဆီ ရောက်လာမှာ ဖြစ်ပါတယ်။ Tweet ကို အကြောင်းအရာတစ်ခုအနေနဲ့ ပြောနိုင်တင်ပြနိုင်သလို သတင်းခေါင်းစဉ်

အနေနဲ့လည်း Tweet နိုင်ပါတယ်။ ကျန်တဲ့ဓာတ်ပုံ၊ ဗီဒီယိုနဲ့အခြားမီဒီယာတွေကို တင်လိုက်ရင်တော့ Details pane (timeline homepage ရဲ့ ဘေးမှာပေါ်တဲ့ အသေးစိတ် အချက်အလက်ပြအကွက်)မှာ သီးသန့် ဖော်ပြပေးမှာ ဖြစ်ပါတယ်။

twitter မှာ ပုံမှန် တင်တင်မတင်တင်၊ တစ်နေ့ကို အကြိမ်တစ်ရာပဲ တင်တင်၊ Sign up ပြုလုပ်ထားသူများဟာ သတင်းတွေကို ညီတူညီမျှပဲ စားသုံးခွင့်(ဖတ်ရှုခွင့်) ရှိပါတယ်။ ကိုယ့်အနေနဲ့ လက်လှမ်းမီရာ သတင်းအချက်အလက်တွေ၊ ကိုယ့်ရဲ့ပုဂ္ဂလိကခံစားချက်တွေ၊ စိတ်ဝင်စားရာတွေကို တင်ပြဝေမျှနိုင်သလို မိတ်ဆွေအပေါင်းအသင်းတွေ တင်ပြဝေမျှထားတဲ့ သတင်းအချက်အလက်တွေ၊ ပုဂ္ဂလိကခံစားချက်တွေ၊ စိတ်ဝင်စားစရာအကြောင်းအရာတွေကို တစ်ဆင့်သတင်း (Second Information) အနေနဲ့ နားထောင် ကြည့်ရှုနိုင်ပါသေးတယ်။ အချို့ twitter အသုံးပြုသူတွေဟာ Tweet တွေ ဘယ်တော့မှ မတင်ဘဲ မိတ်ဆွေအပေါင်းအသင်းတွေ တင်ပေးတဲ့ Tweet ထဲက သတင်းအချက်အလက်တွေကို စောင့်ဖတ်ရှုသက်သက် twitter ကို ရိုးရှင်းစွာပဲ အသုံးပြုကြပါတယ်။

## စီးပွားရေးလုပ်ငန်းများအတွက် အသုံးဝင်သော twitter

စီးပွားရေးလုပ်ငန်းတွေအတွက်လည်း twitter က ဝန်ဆောင်မှုတွေက အသုံးဝင်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေက သူတို့ရဲ့ သတင်းအချက်အလက်တွေ၊ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုကြော်ငြာတွေကို twitter ကို အသုံးပြုပြီး စားသုံးသူဆီဒေတာတွေ ပို့ဆောင်တတ်ပါတယ်။ twitter ကတစ်ဆင့် လက်ရှိဈေးကွက်အကြောင်း၊ စားသုံးသူတွေရဲ့ တုံ့ပြန်မှုတွေကို စုဆောင်းပါတယ်။ Customer တွေ၊ စပ်တူလုပ်ငန်းလုပ်သူတွေ၊ အများအပေါ် ဩဇာညောင်းတဲ့သူတွေနဲ့ ဆက်သွယ်မှုတွေ တည်





ဆောက်ပါတယ်။ twitter 101 for Businesses ဆိုတဲ့ ကဏ္ဍမှာ twitter က စီးပွားရေးလုပ်ငန်းတွေအတွက် ရည်ရွယ်ရာ ပရိသတ်ဆီ အရောက်ပို့ပေးမယ့် ဝန်ဆောင်မှုတွေကို ဖော်ပြပေးထားပါတယ်။

## ကမ္ဘာတစ်လွှားရောက် twitter

twitter ဟာ အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမှာ အခြေပြုတည်ထောင်ထားပေမဲ့ ကမ္ဘာပေါ်က နိုင်ငံအားလုံးနီးပါးမှာ ကျယ်ကျယ်ပြန့်ပြန့်၊ ယုံယုံကြည်ကြည်နဲ့ အစဉ်တစိုက်သုံးစွဲလာတဲ့ အင်တာနက်ကွန်ရက်တစ်ခု ဖြစ်နေပါတယ်။ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ အီတလီ၊ ဂျပန်၊ စပိန် စတဲ့ မိမိသုံးလိုတဲ့ ဘာသာစကားအမျိုးပေါင်းများစွာ ထည့်သွင်းပေးထားလို့ သုံးစွဲသူတွေအနေနဲ့လည်း အဆင်ပြေစွာ သုံးစွဲနိုင်ပါတယ်။ User Settings ထဲက Language Preference မှာ ကလစ်တစ်ချက်နှိပ်ရုံနဲ့ လိုချင်တဲ့ ဘာသာစကားကို ရောက်ရှိသုံးစွဲနိုင်မှာ ဖြစ်ပါတယ်။

## မိုဘိုင်းဖုန်းများအတွက် twitter

မိုဘိုင်းဖုန်း အသုံးပြုသူတွေအတွက် twitter က အခမဲ့ပေးထားတဲ့ twitter apps တွေကိုလည်း iPhone ၊ iPad ၊ Blackberry ၊ Window7၊ Android တွေအတွက် လွယ်လင့်တကူ ယူငင်အသုံးပြုနိုင်မှာပါ။ မိုဘိုင်းဖုန်းအတွက် နောက်ဆုံးပေါ် Application တွေကို ရယူဖို့ကတော့ m.twitter.com ကို သွားလိုက်ရုံပါပဲ။

## ဖုန်းမက်ဆေ့ပို့ဖို့ twitter ၏ဝန်ဆောင်မှု

တစ်ဦးချင်းစီအနေနဲ့ရော၊ စီးပွားရေးလုပ်ငန်းတွေအတွက်ရော၊ လူမှုရေးလုပ်ငန်းတွေအတွက်ပါ အသုံးပြုနိုင်အောင် လုပ်ပေးထားတဲ့ twitter ရဲ့ twitter for SMS ကိုလည်း အသုံးများကြပါတယ်။ မိမိမိုဘိုင်း

ဖုန်းကနေတစ်ဆင့် တစ်ဦးနဲ့တစ်ဦး တိုက်ရိုက်ချိတ်ဆက်နိုင်ဖို့အတွက် Fast Follow ဆိုတဲ့ ပရိုဂရမ်တစ်ခုကို သီးသန့်ဖွင့်လှစ်ပေးထားတာ ဖြစ်ပါတယ်။ twitter for SMS ဆိုတာက မိုဘိုင်းဆက်သွယ်ရေးရဲ့ အခြေခံအဆောက်အဦတစ်ခု ဖြစ်ပါတယ်။ twitter for SMS ကို အသုံးပြုနိုင်တဲ့ နိုင်ငံတွေကတော့ အကန့်အသတ်နဲ့ပေါ့။ နောက်ဆုံးထုတ် Application အမျိုးအစားတွေ အတွက်တော့ အွန်လိုင်းမှာ အမြဲမျက်ခြေမပြတ် စောင့်ကြည့်နေရပါမယ်။


## လူမှုရေးလုပ်ငန်းများ လုပ်ပေးသော twitter

twitter ကနေ ဆက်သွယ်ကြရင်းနဲ့ လူထုအနေနဲ့ လူထုအကျိုးပြုလုပ်ငန်းတွေအထိပါ ဆောက်ရွက်နိုင်မယ့် အသိုင်းအဝိုင်းတစ်ခု ဖန်တီးနိုင်အောင်လည်း twitter က လုပ်ပေးထားပါတယ်။ twitter အသုံးပြုရင်း တစ်ဦးနဲ့တစ်ဦးလည်း ကောင်းစွာ ဆက်သွယ်ကြရင်း တစ်ဦးအကျိုးတစ်ဦး တတ်အားသမျှ ထမ်းဆောင်ပေးနိုင်ဖို့ ဖြစ်ပါတယ်။ နေ့စဉ်နဲ့ အမျှ twitter မှာ တင်တဲ့ Tweet ဆိုတဲ့ Post တွေထဲမှာ လူတွေရဲ့ အခက်အခဲတွေလည်း ပါဝင်လာနိုင်တာမို့ သတင်းဝေမျှရုံသာ မဟုတ်တော့ဘဲ အခက်အခဲ အကျပ်အတည်းတွေကိုပါ ကူညီနိုင်အောင်လို့ twitter က ကူညီထားတာပါ။ အဲဒီလို ကွန်မြူနတီအတွက် twitter ရဲ့ လုပ်ငန်းများအကြောင်းကို www.hope140.org မှာ အသေးစိတ်ဝင်ရောက် ဖတ်ရှုနိုင်ပါတယ်။

*





## twitter အကြောင်း သိကောင်းစရာများ

twitter ဆိုတာက အွန်လိုင်းလူမှုကွန်ရက်နဲ့ microblogging ဝန်ဆောင်မှုတစ်ခု ဖြစ်ပါတယ်။ အသုံးပြုသူများကို အင်တာနက်ထဲမှာ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် မက်ဆေ့တွေပို့၊ ဓာတ်ပုံတွေ ဝေမျှ ပြသကြနိုင်ဖို့ လုပ်ဆောင်ပေးတဲ့ ဝက်ဘ်ဆိုက်ပါ။ twitter မှာဆို အထက်မှာ ဖော်ပြခဲ့သလိုပဲ tweets လို့ခေါ်တဲ့ post တွေကို စာလုံးရေ 140 ထိ တင်ပြီး သတင်းတွေ share နိုင်မှာ ဖြစ်ပါတယ်။





ဂျက်ဒေါ်ဆေ

(ပုံ - ၃၈)







(ပုံ - ၃၉)

*twitter ပိုင်ရှင် ဂျက်ဒေါ်ဆေ(Jack Dorsey)က လူမှုကွန်ရက်များအပေါ် အခြေခံပြီး မက်ဆေ့တို(SMS) ပို့ခြင်းဆိုတဲ့ လုပ်ငန်းစဉ်အကြောင်းကို အကြမ်းရေးဆွဲထားတဲ့ပုံ သို့မဟုတ် twitter ကို စတင်မွေးဖွားခဲ့တဲ့စိတ်ကူး*

## twitter အဦးအစ


twitter ကို ၂၀၀၆ ခုနှစ် မတ်လမှာ ဂျက်ဒေါ်ဆေ (Jack Dorsey) က စတင်ဖန်တီးခဲ့တာဖြစ်ပြီး အဲဒီနှစ် ဇူလိုင်လမှာ စတင်ထုတ်လွှတ်နိုင်ခဲ့ပါတယ်။ စစထုတ်လွှတ်ချင်းမှာကိုပဲ twitter ဟာ ကမ္ဘာနဲ့အဝှမ်း အသုံးပြုမှုတွေကို တစ်ခဲနက်ရရှိခဲ့ရာမှာ ၂၀၁၁ ခုနှစ်ရောက်တော့ အသုံးပြုသူ သန်းနှစ်ရာ အရေအတွက်ထိ ရောက်ခဲ့ပါတယ်။ အဲဒီလို အသုံးပြုသူ သန်းနှစ်ရာမှာ tweet ပေါင်း သန်းနှစ်ရာနဲ့ တစ်နေ့တစ်နေ့ကို ရှာဖွေရေးအင်ဂျင် အသုံးပြုမှုပေါင်း 1.6 ဘီလီယံကျော်ထိ ရောက်ရှိအောင်မြင်ခဲ့ပါတယ်။

အဲဒီလို ဝန်ဆောင်မှုတွေနဲ့ ပူးတွဲဝက်ဘ်ဆိုက်တွေကို လည်ပတ်ဆောင်ရွက်နေတဲ့ တွစ်တာကုမ္ပဏီ(twitter Inc.)ကို အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကိုမြို့မှာ အခြေစိုက်တည်ထောင်ထားပါတယ်။ အပိုဆောင်းဆာဗာ (Additional Servers) တွေနဲ့ ရုံးခွဲတွေကိုတော့ ဆန်အန်တိုနီယို၊ တက္ကဆပ်၊ ဘော်စတွန်၊ မန်ဆာချူးဆက်နဲ့ နယူးယောက်တို့မှာ ဖွင့်လှစ်ထားပါတယ်။

twitter ကို စတင်မွေးဖွားခဲ့တာကတော့ ဦးနှောက်ကို အလုပ်ပေးခြင်း (brainstorming) ဆိုတဲ့ အလုပ်ရုံဆွေးနွေးပွဲက စတင်ခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲကို အိုဒီယို (Odeo) ဆိုတဲ့ podcasting ကုမ္ပဏီရဲ့ ဘုတ်အဖွဲ့လူကြီးတွေနဲ့ ပြုလုပ်ခဲ့တာဖြစ်ပြီး တစ်နေ့တာ ကြာမြင့်ခဲ့ပါတယ်။ ဆွေးနွေးပွဲမှာ ဂျက်ဒေါ်ဆေက အုပ်စုငယ်တစ်ခုထဲမှာ သီးသန့်သတင်းဝေမျှ သိကြတဲ့စနစ်တစ်ခုဖြစ်တဲ့ SMS ကို အသုံးပြုမယ့်စနစ်တစ်ခုကို သူ့အနေနဲ့ ဘယ်လိုစဉ်းစားထားတယ်ဆိုတာကို ချပြလိုက်ပါတယ်။ သူစဉ်းစားထားတဲ့ ပရောဂျက်ရဲ့ မူလနာမည်ကတော့ twitter မဟုတ်သေးပါဘူး။ twttr ဖြစ်ပါတယ်။








*(ပုံ - ၄၀) The Very First Tweet of twitter*

အဲဒီနောက်မှာ လူငယ်လေး ဂျက်ဒေါ်ဆေရဲ့ twitter အိပ်မက်က 2006 မတ်လ ၂၁ ရက်နေ့မှာ သူရေးတဲ့ Just setting up my twttr ဆိုတဲ့ ပထမဆုံး twitter မက်ဆေ့ (ပုံ-၄၀)နဲ့ စတင်အသက်ဝင်ခဲ့ပါတယ်။ မက်ဆေ့ကို တင်ခဲ့ချိန်က ပစိဖိတ်စံတော်ချိန် 9:50 PM မှာပါ။

## twitter အသုံးပြုခြင်း နောက်ဆက်တွဲရလဒ်များ

twitter အသုံးပြုခြင်းနဲ့ လက်ရှိမြန်မာနိုင်ငံမှာ အသုံးများနေတဲ့ Facebook အသုံးပြုခြင်း ဘယ်ဟာက ပိုကောင်းသလဲဆိုတာတော့ ပြောရခက်ပါတယ်။ ကောင်းတာတွေရှိသလို သိပ်မကောင်းတာတွေလည်း အတူတူစီရှိနေလို့ ဖြစ်ပါတယ်။ အသုံးပြုသူတွေနဲ့ သုတေသနပညာရှင်တွေအဆိုအရ twitter က စီးပွားရေးဈေးကွက်အတွက် မဟာဗျူဟာစီမံချမှတ်ဖို့ ပိုသင့်တော်ပြီး facebook ကတော့ ပုဂ္ဂလိကဆိုင်ရာ အချက်အလက်တွေ ဝေမျှတဲ့အခါ ပိုကောင်းတယ်လို့ ဆိုပါတယ်။

PC World (www.pcworld.com) မဂ္ဂဇင်းဆောင်းပါးတစ်ခုမှာ ဆောင်းပါးရှင် ဘာဘရာဟာနန်ဒက်(Babara E. Hernandez) က ရေးသားထားတာတော့ -

> "twitter ကိုအသုံးပြုခြင်းအားဖြင့် အချိန်ကုန်
> သက်သာစွာနဲ့ Social Network ထဲမှာ သတင်းအချက်

အလက်တွေကို ထိထိရောက်ရောက် ထိတွေ့ရယူနိုင်မှာဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စတွေမှာ ဝင်ငွေပြန်လည်ရရှိဖို့ သေချာသလောက်ရှိတယ်။ အပြန်အလှန်စကားပြောဆို ဆွေးနွေးမှုတွေကို လျင်လျင်မြန်မြန် ထဲထဲဝင်ဝင်ပါဝင်ဖတ်ရှုနိုင်တယ်။ ဗဟုသုတရှာမှီးသူတွေနဲ့ မိမိကိုယ်ပိုင်စွမ်းရည်မြင့်မားလိုသူတွေ အများစုပါဝင်တယ်။ ဘာမဟုတ်တဲ့ သတင်းအချက်အလက်တွေနောက်လိုက်မိခြင်းဆိုတဲ့ ထောင်ချောက်တွေ နည်းပါးအောင်ပြုလုပ်ပေးထားတယ်"

လို့ ရေးသားထားပါတယ်။ သူမရဲ့အဆိုကို အသုံးပြုသူ တော်တော်များများကလည်း ထောက်ခံကြပြီး နေ့စဉ်သုံးပြုသူများဆီက ထွက်ပေါ်လာတဲ့ စစ်တမ်းတွေအရ twitter ရဲ့ ကောင်းကွက်ဟာကွက်တွေကို အောက်ပါအတိုင်း တွေ့ရမှာ ဖြစ်ပါတယ်။

## twitter ၏ ကောင်းကွက်များ

၁။ twitter ဟာ အလျင်အမြန် ကြီးထွားလာတဲ့ အစုငယ်တစ်ခုပါ။ ဈေးကွက်ကျွမ်းကျင်သူများစွာ twitter ကို အသုံးပြုနေပါတယ်။ Facebook နဲ့ မတူတာ ဒီအချက်ပါပဲ။ Facebook မှာက Contents တွေ များလှတဲ့အတွက် အသုံးပြုသူတွေအနေနဲ့ ရောက်တတ်ရာရာသတင်းအချက်အလက်တွေနောက် လိုက်ပါမိသွားတတ်ပါတယ်။ အခမဲ့အသုံးပြုခွင့်ပေးထားတဲ့ Applications တွေကလည်း များလွန်းလို့ Privacy ကိုလည်း စိတ်မချရဖြစ်တတ်တယ်လို့ ပြောကြပါတယ်။ twitter ကတော့ Apple Computer သေးသေးလေးတစ်ခုအဖြစ် တင်စားလို့တောင် ရနိုင်ပါတယ်။ Facebook မှာတော့ အဆက်အသွယ်(Connections) အများ





အပြားတွေ့နိုင်မှာပါ။ ဘာပဲဖြစ်ဖြစ်အဆိုပါ လူမှုကွန်ရက်နှစ်ခုစလုံးမှာ သူ့ ရည်ရွယ်ချက်နဲ့သူ ရှိကြပါတယ်။

၂။ "ရိုးရှင်းမှုဟာ အကောင်းဆုံးပါပဲ"လို့ ဆိုကြသလိုပဲ Twitter ရဲ့ Interface ဟာ ရိုးရှင်းအသုံးပြုရလွယ်ကူပါတယ်။ အခြေခံအကျဆုံး Features တွေကိုသာ ထည့်သွင်းထားလို့ အသုံးပြုရတာ အကောင်းဆုံးပါ။ မိမိရဲ့စီးပွားရေးလုပ်ငန်းတွေ ကမ္ဘာတလွှားပျံ့နှံ့နာမည်ရချင်သူတွေကတော့ အရိုးရှင်းဆုံးဖန်တီးပေးထားတဲ့ twitter ကိုပဲအသုံးပြုတယ်လို့ သိရပါတယ်။

၃။ twitter မှာ အများနဲ့မတူ ထူးခြားတဲ့အသိုင်းအဝိုင်းလေးတွေကို တွေ့နိုင်ပါတယ်။ Facebook မှာလည်း အသိုင်းအဝိုင်းလေးတွေ ရှိပါတယ်။ လူမှုကွန်ရက်ဝက်ဘ်ဆိုက်တွေအားလုံးမှာလည်း သူ့အသိုင်းအဝိုင်းလေးနဲ့သူ ရှိကြပါတယ်။ Twitter မှာထူးခြားတာကတော့ twitter အသိုင်းအဝိုင်းဟာ ပိုပြီး Professional ဆန်တဲ့ပုံရတာဖြစ်ပါတယ်။ ကိုယ်က လူမှန်ရွေးမိပြီဆိုရင်တော့ ကိုယ်တင်တဲ့ မက်ဆေ့ဟာ ပျံ့နှံ့မှုနှုန်းမြန်သွားမှာပါ။ မိတ်ဆွေရဲ့ tweet ကို ပြန်လည် Retweet လုပ်ပေးခြင်းဟာလည်း မိတ်ဆွေချင်းရင်းနှီးမှု၊ ယုံကြည်မှုကို တိုးပွားစေပါတယ်။ အဲဒီရင်းနှီးမှု၊ ယုံကြည်မှုတွေနဲ့ Community ဆိုတဲ့အသိုင်းအဝိုင်းလေးတွေ တည်ဆောက်ထားပါတယ်။ တစ်ဖန် အဲဒီအသိုင်းအဝိုင်းလေးတွေက ကုမ္ပဏီတွေအတွက် ဝယ်ယူသူတွေနဲ့ ဝယ်ယူသူတွေအတွက် အလုပ်အကိုင်တွေကို ပြန်လည်ဖန်တီးပေးပါတယ်။

## twitter ၏ ဟာကွက်များ

၁။ twitter ရဲ့ ဆိုဒ်(Size)က Facebook ထက်သေးပါတယ်။ ဒါကြောင့် တကယ့်နာမည်ကျော် Social Giant တွေနဲ့ဆုံဖြစ်သွားဖို့ဆိုတာ အချိန်နည်းနည်းကြာသွားတတ်ပါတယ်။ အသုံးပြုသူ

ပေါင်း သန်းထောင်ချီဖြစ်သွားရင်လည်း ဆက်သွယ်မှုနှုန်းတွေက ကြာလာတတ်ပါတယ်။

၂။ twitter မှာ Tweet တစ်ခုကို စာလုံးရေ ၁၄၀ သာ တင်ဖို့သတ်မှတ်ထားလို့ မိမိတင်လိုတဲ့မက်ဆေ့ကို ပြန်လည်ချုံ့နေရခြင်းက တစ်ခါတစ်ရံအဆင်မပြေမှုဖြစ်တတ်ပါတယ်။ မိမိက မက်ဆေ့အများကြီးပေးချင်တာဆိုရင်တော့ သီးခြားလင့်တစ်ခုနဲ့ ချိတ်ဆက်ဖတ်ရှု ကြည့်ရှုခိုင်းရပါတယ်။ ဒီလိုကန့်သတ်ထားတာတောင်မှ Twitter အသုံးပြုသူများဟာ သတင်းတွေကို မရမက ချုံ့ကာ တင်လေ့ ရှိပါသေးတယ်။

၃။ twitter ဟာ မကြာခဏ ကျတတ်ပါတယ်။ သူ့ရဲ့ စနစ်တွေက ခုထိ အဲဒီအားနည်းချက်ကို မပြင်ဆင်နိုင်သေးပါဘူး။ အဲဒီလိုကျတဲ့ အခါမှာ tweet တွေ မတင်နိုင်တဲ့အတွက်ကြောင့် ကျနေတဲ့အချိန်မှာ ဈေးကွက်ဗျူဟာဆင်ခြင်းနဲ့ သတင်းစီးဆင်းမှုမှာ အရေးကြီးတဲ့အချိန်နဲ့ သွားတိုက်ဆိုင်နေရင်တော့ အထိနာတတ်ပါတယ်။

မည်သို့ပင်ဖြစ်စေကာမူ Twitter ဟာ စီးပွားရေးသမားတွေအတွက် Marketing Platform တစ်ခု ဖြစ်နေဆဲပါပဲ။ အဝန်းအဝိုင်းက သေးငယ်သေးပေမဲ့ တစ်ဦးနဲ့တစ်ဦးပိုမိုယုံကြည်နိုင်တယ်၊ မိမိရှဲလိုက်တဲ့ tweet တွေနဲ့ follower တွေအတွက် ကောင်းမွန်သင့်တော်တဲ့ ရလဒ်တွေကို ရယူနိုင်ပါတယ်လို့ အသုံးပြုသူတွေက ဆိုကြပါတယ်။

*




# twitter ပေါ်မှ နာမည်ကျော် ငှက်ကြီးယပ်ပွင့်များ (Celebrities on twitter)





# twitter ပေါ်မှ နာမည်ကျော် ငွေကြယ်ပွင့်များ (Celebrities on Twitter)

twitter အသုံးပြုသူတွေထဲမှာ နာမည်ကျော်ကြားတဲ့ ကြယ်ပွင့်တွေ များစွာရှိနေပါတယ်။ သူတို့ကို follow လုပ်ထားသူ အရေအတွက် ပေါ်မူတည်ပြီး အောက်ပါအတိုင်း အစဉ်လိုက်ဖော်ပြပေးလိုက်ပါတယ်။




(ပုံ - ၄၁)

(ပုံ - ၄၁) ကမ္ဘာကျော်အဆိုတော် လေဒီဂါဂါး (Lady Gaga) ရဲ့ twitter account ဖြစ်ပါတယ်။ Follower ပေါင်း ၁၄ သန်းကျော် ရရှိထားပြီး သူမရဲ့ post အရေအတွက်ကတော့ စုစုပေါင်း တစ်ထောင်ကျော်





ရှိနေတာကို တွေ့ရပါတယ်။ လေဒီဂါဂါသတင်းတွေ အမြဲမပြတ်သိလိုသူတွေကတော့ သူမအကောင့်ကို follow ကလစ်လိုက်ပေါ့။




(ပုံ - ၄၂)

(ပုံ-၄၂) မကြာသေးမီကမှ နာမည်ကျော်လာတဲ့ ဆယ်ကျော်သက်အဆိုတော်လေး ဂျက်စတင်ဘီဘာ (Justin Bieber) ဖြစ်ပါတယ်။ tweet ပေါင်း ၁၁၃၆၀ ခု ရှိနေတာကို ကြည့်ခြင်းအားဖြင့် သူကတော့ twitter ကို မပြတ်အသုံးပြုတယ်လို့ ယူဆနိုင်ပါတယ်။ သူ့သတင်းတွေကို မပြတ်တင်ပေးနေလို့ပါ။ follower ကတော့ ၁၃. ၅ သန်းကျော် ရှိနေပါတယ်။




(ပုံ - ၄၃)

(ပုံ-၄၃) အမေရိကန်ပြည်ထောင်စု သမ္မတ ဘားရက်အိုဘားမားရဲ့ အကောင့်အစစ်လို့ ယူဆရတဲ့ twitter အကောင့် ဖြစ်ပါတယ်။ follower ပေါင်း ၁၁ သိန်းနီးပါးနဲ့ သူကိုယ်တိုင်ကလည်း following ပြုလုပ်ထားတာ ၇ သိန်းနီးပါးရှိနေလို့ အိုဘားမားဟာ သတင်းအချက်အလက်စုဆောင်းဖို့ twitter ကို အားထားတယ်လို့ ယူဆရပါတယ်။ သမ္မတအနေနဲ့ ဘယ်မှာ မိန့်ခွန်းပြောနေတယ်၊ ဘယ်ဝက်ဘ်ဆိုက်မှာ နားထောင်ကြည့်ရှုနိုင်တယ် စတာတွေအပြင် မူဝါဒရေးရာတွေကိုလည်း အနည်းငယ် tweet တတ်လို့ ဗဟုသုတရနိုင်မယ့် အကောင့်တစ်ခု ဖြစ်ပါတယ်။




(ပုံ - ၄၄)

(ပုံ-၄၄) ဆယ်ကျော်သက်အရွယ်ကတည်းက လူကြိုက်များခဲ့ရတဲ့ တေးသံရှင် ဘရစ်တနီစပီးယားရဲ့ twitter အကောင့်ပါ။ ဘရစ်တနီရဲ့ twitter ပရိသတ်က ဆယ်သန်းကျော် ရှိနေပါတယ်။ ဘရစ်တနီရဲ့ အနုပညာလှုပ်ရှားမှုတွေ သာမက အပြင်လောက Activity တွေပါ တင်ပေးတတ်ပါတယ်။








(ပုံ - ၄၅)

(ပုံ-၄၅) ဒီနှစ်ပိုင်းတွေအတွင်းမှာ နာမည်ကျော်တန်းဝင်လာတဲ့ အဆိုတော် မိန်းမလှလေး တေလာဆွစ် ဖြစ်ပါတယ်။ twitter ပရိသတ်ပေါင်း ၈ သိန်းခွဲကျော်နဲ့ ထိပ်တန်းငွေကြယ်ပွင့် စာရင်းဝင်သူလေး တစ်ယောက်ပါ။




(ပုံ - ၄၆)

(ပုံ - ၄၆) twitter ပရိသတ် ၆ သန်းကျော်ရှိတဲ့ ဂျပ်စတင် တင်းဘားလိတ်ရဲ့ twitter စာမျက်နှာပါ။ ယခင်တုန်းက Nsync အဖွဲ့ရဲ့ အဖွဲ့ဝင်

အဆိုတော်ဖြစ်ပြီး ယခု တစ်ကိုယ်တော် တေးအယ်လ်ဘမ်တွေနဲ့ အောင်မြင်နေဆဲ ငွေကြယ်ပွင့် ဖြစ်ပါတယ်။




(ပုံ - ၄၇)

(ပုံ - ၄၇) စွယ်စုံရ အနုပညာရှင်တစ်ယောက်ဖြစ်တဲ့ ပဲရစ်ဟီလတန် (Paris Hilton)ရဲ့ twitter အကောင့်စာမျက်နှာ ဖြစ်ပါတယ်။ follower ၅ သန်း ကျော် ရှိနေပါတယ်။ သူမကို follow ပြုလုပ်ထားလိုက်ရင် သူမနဲ့ ပတ်သက်တဲ့ သတင်း အတိုအထွာတွေကို အမြဲမပြတ် ဖတ်ရှုနိုင်မှာ ဖြစ်ပါတယ်။




(ပုံ - ၄၈)





(ပုံ - ၄၈) မြန်မာပရိသတ်တွေကြားမှာလည်း ရေပန်းစားနေတဲ့ ဂျေလို တဖြစ်လဲ ဂျနီဖာလိုပက် (JLo or Jennifer Lopez) ကတော့ twitter ပရိသတ် ၃ သန်း ၂ သိန်းကျော်နဲ့ ရပ်တည်နေပါတယ်။




(ပုံ - ၄၉)

(ပုံ - ၄၉) အမေရိကန်ပြည်ထောင်စု၊ အစိုးရအဖွဲ့များရုံးစိုက်ရာ အိမ်ဖြူတော် (The White House)ရဲ့ twitter အကောင့် ဖြစ်ပါတယ်။ အမေရိကန်အစိုးရအဖွဲ့ရဲ့ လှုပ်ရှားမှုတွေနဲ့ သမ္မတအိုဘားမားရဲ့ အကြောင်းတွေကို အမြဲ tweet တတ်ပါတယ်။ follower ပေါင်းကတော့ နှစ်သန်းခွဲနီးပါး ရှိပါတယ်။




(ပုံ - ၅၀)

(ပုံ - ၅၀) တွမ်ခရုစ်(Tom Cruise)ကတော့ twitter ပရိသတ် နှစ်သန်းကျော် ရထားပါတယ်။ သရုပ်ဆောင် တွမ်ခရုစ်အနေနဲ့ အနုပညာလုပ်ငန်းတွေနဲ့ မိသားစုရေးရာတွေကိုပါ tweet တတ်ပါတယ်။




(ပုံ - ၅၁)

(ပုံ - ၅၁) အင်္ဂလန်ဘောလုံးအကျော်အမော် ဒေးဗစ်ဘက်ခမ်းရဲ့ ချစ်ဇနီး ဖြစ်တဲ့ ဗြိတိသျှအဆိုကျော် မော်ဒယ် ဗစ်တိုးရီးယားဘက်ခမ်း (Victoria Beckham)ရဲ့ တွစ်တာအကောင့် ဖြစ်ပါတယ်။ သူမကလည်း ပရိသတ် နှစ်သန်းကျော်နဲ့ twitter ရဲ့ ငွေကြယ်ပွင့်စာရင်းဝင်ပါ။




(ပုံ - ၅၂)





(ပုံ - ၅၂) twitter ကိုဖန်တီးသူ ဂျက်ဒေါ်ဆေ(Jack Dorsey)ရဲ့ twitter account ဖြစ်ပါတယ်။ follower ပေါင်း ၁.၇ သန်းကျော်ရှိပြီး သူ့ရဲ့ ပုဂ္ဂိုလ်ရေးအချက်အလက်တွေ၊ လှုပ်ရှားမှုတွေနဲ့ twitter နဲ့ ပတ်သက်တဲ့ ကိစ္စတွေကိုပါ တင်ပေးတတ်ပါတယ်။




(ပုံ - ၅၃)

တစ်ခါတစ်ရံ (ပုံ - ၅၃) မှာ မြင်ရသလို သူ့ရဲ့ tweet ထဲမှာ twitter နဲ့ ပတ်သက်ပြီး အသုံးပြုသူများရဲ့ အကြံဉာဏ်၊ တုံ့ပြန်ချက်တွေ တောင်းတတ်ပါတယ်။




(ပုံ - ၅၄)

(ပုံ - ၅၄) အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတလောင်းတစ်ဦး ဖြစ်ခဲ့ဖူးသူ၊ ဆီးနိတ်လွှတ်တော်အမတ် ဂျွန်မက်ကိန်း(John McCain)ရဲ့ အကောင့်ကို ဒီလိုတွေ့ရမှာ ဖြစ်ပါတယ်။ သမ္မတလောင်းအဖြစ် ယှဉ်ပြိုင် ရွေးကောက်ပွဲဝင်ဖို့ twitter ကို မဲဆွယ် platform အဖြစ် သုံးခဲ့ပါတယ်။




(ပုံ - ၅၅)

(ပုံ - ၅၅) ကမ္ဘာကျော်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ဂရင်းဒေး (Green Day)ရဲ့ twitter account ဖြစ်ပါတယ်။ ပရိသတ်ပေါင်း ၁. ၆၆ သန်းကျော် ရှိလာပါတယ်။ ဂရင်းဒေးပရိသတ်တွေအတွက် စိတ်ကျေ နပ်မှု ရမယ့်စာမျက်နှာတစ်ခု ဖြစ်ပါတယ်။




(ပုံ - ၅၆)





(ပုံ - ၅၆) ဒါကတော့ တိုင်တန်းနစ်ဇာတ်ကားကြီးမှာ ကိတ်ဝင်း စလက်နဲ့ အတွဲညီညီ သရုပ်ဆောင်ပြီး မြန်မာပရိသတ်တွေရင်ထဲ ရောက် ခဲ့တဲ့ ဟောလီးဝုဒ်မင်းသား လီယိုနာဒိုဒီကာပရီယို (Leonardo Dicaprio) ရဲ့ တွစ်တာအကောင့် ဖြစ်ပါတယ်။




(ပုံ - ၅၇)

(ပုံ - ၅၇) ဟောလီးဝုဒ်မှ နာမည်ကျော်သရုပ်ဆောင် မင်းသား ဝီလ်စမစ် (Will Smith)ရဲ့ တွစ်တာစာမျက်နှာ ဖြစ်ပါတယ်။ ပရိသတ် ပေါင်း ၁. ၃ သန်းကျော် ရှိပါတယ်။ ဝီလ်စမစ်ကိုယ်တိုင်တင်တဲ့ page တော့ မဟုတ်ပါဘူး။ Roc Nation and Overbrook Entertainment က




(ပုံ - ၅၈)

တင်ပေးထားတဲ့ အကောင့်လို့ ဆိုပါတယ်။ ဝီလ်စမစ်နဲ့ ပတ်သက်တဲ့ သတင်းတွေကိုတော့ မပြတ်ဖတ်ရှုနိုင်တဲ့ နေရာလေးတစ်ခု ဖြစ်ပါတယ်။

(ပုံ - ၅၈) ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အာဂျင်တီးနားကို လှလှပပ သွင်းယူပြခဲ့တဲ့ဂိုးနဲ့အတူ အသက် ၁၈ နှစ်ကစပြီး နာမည်ကျော်လာတဲ့ အင်္ဂလန်ဘောလုံးအသင်း တိုက်စစ်မှူး မိုက်ကယ်အိုဝင် (Michael Owen)ရဲ့ အကောင့် ဖြစ်ပါတယ်။ မိုက်ကယ်အိုဝင်ရဲ့ Homepage ဖြစ်တဲ့ (www.michaelowen.com) လင့်ကိုလည်း ပေးထားပါတယ်။ ပရိသတ် ပေါင်း ၇ သိန်းကျော် ရှိပါတယ်။




(ပုံ - ၅၉)

(ပုံ - ၅၉) အင်္ဂလန်တင်းနစ်အကျော်အမော် အင်ဒီမာရေး (Andy Murray) ရဲ့ twitter စာမျက်နှာ ဖြစ်ပါတယ်။ twitter follower က ၆ သိန်းကျော် ရှိပါတယ်။

(ပုံ - ၆၀) ဂျနီဖာအင်နစ်စတန်(Jennifer Anistan)ရဲ့ twitter account လို့ ဆိုထားပါတယ်။ ပရိသတ်ပေါင်း နှစ်သိန်းနီးပါးရှိနေပေမဲ့ သူ့အကောင့် မှာတော့ တစ်ကြိမ်တစ်ခါမျှ tweet မတင်ထားဘဲ ဘယ်သူ့ကိုမှလည်း follow မပြုလုပ်ထားပါဘူး။









(ပုံ - ၆၀)

(ပုံ - ၆၁) တိုင်တန်းနစ်ဇာတ်ကားရဲ့ နာမည်ကျော်မင်းသမီး ကိတ်ဝင်း စလက်(Kate Winslet)ရဲ့ အကောင့်ဖြစ်ပါတယ်။ လီယိုနာဒိုနဲ့ အတွဲ ညီခဲ့တဲ့ ကိတ်ဝင်းစလက်ရဲ့ အစစ်အမှန် အကောင့် ဟုတ်မဟုတ် တော့ မသေချာပါဘူး။ follower 7500 ကျော်ရှိပြီး သူ ကိုယ်တိုင် tweet မတင်တာတော့ ကြာပါပြီ။




(ပုံ - ၆၁)




(ပုံ - ၆၂)

(ပုံ - ၆၂) ၁၉၈၄ ခုနှစ်မှာ ငြိမ်းချမ်းရေးနိုဘယ်ဆု၊ ၁၉၈၆ ခုနှစ်မှာ Albert Schweitzer ဆု၊ ၂၀၀၅ ခုနှစ်မှာ ဂန္ဒီငြိမ်းချမ်းရေးဆု၊ ၂၀၀၉ ခုနှစ်မှာ Presidential Medal of Freedom စတဲ့ ဆုတွေရရှိခဲ့တဲ့ တောင်အာဖရိက အလင်းရောင်တစ်ပွင့်ဖြစ်တဲ့ ဘုန်းတော်ကြီး ဒက်စမွန်တူးတူး (Desmond Tutu)ရဲ့အကောင့် ဖြစ်ပါတယ်။




(ပုံ - ၆၃)

(ပုံ - ၆၃) နာအိုမီကမ်းဘဲလ်(Naomi Campbell) ရဲ့ အကောင့် ဖြစ်ပါတယ်။ follower သုံးထောင်ကျော် လေးထောင်နီးပါး ရှိပါတယ်။

(ပုံ - ၆၄) အင်္ဂလိပ်ပရီးမီးယားလိဂ်ရဲ့ ငွေကြယ်ပွင့် လစ်ဗာပူးရဲ့ အသည်းနှလုံး စတီဗင်ဂျာရတ် (Steven Gerrad)ရဲ့ twitter profile








(ပုံ - ၆၄)


ဖြစ်ပါတယ်။ သူတကယ်သုံးတဲ့အကောင့်အစစ်အမှန် ဟုတ်မဟုတ် မသေချာပါဘူး။ follower နှစ်ထောင်ကျော် ရှိပါတယ်။

ဖော်ပြပါ နာမည်ကျော်ပုဂ္ဂိုလ်တို့အပြင် မိမိသိလိုတဲ့မိမိနှစ်သက်တဲ့ ငွေကြယ်ပွင့်ရဲ့ account ကို မြင်တွေ့လိုတယ်ဆိုရင်တော့ search ထဲမှာ သူတို့ရဲ့ နာမည်အပြည့်အစုံကို ရိုက်ထည့်ရှာဖွေကြည့်လိုက်ပါ။ တချို့ အကောင့်တွေက နှစ်မျိုးသုံးမျိုး တွေ့ရတတ်ပါတယ်။ အစစ်အမှန် ဖြစ်နိုင်ခြေအရှိဆုံး အကောင့်ကိုပဲ ရွေးချယ် follow လုပ်လို့ ရပါတယ်။ follower အရေအတွက်၊ tweet အရေအတွက်၊ tweet အမျိုးအစား၊ သူပေးထားတဲ့ ကိုယ်ရေးအချက်အလက် စတာတွေကို ကြည့်ရှုပြီး အစစ်အမှန်လား၊ ပရိသတ်တစ်ယောက်ယောက်က လုပ်ထားတာလား၊ မုန်းသူတစ်ယောက်ယောက်က တမင်လုပ်ထားတာလားဆိုတာကို မှန်းဆလို့ ရမှာပါ။

ဒီလိုနည်းနဲ့ နာမည်ကျော်ပုဂ္ဂိုလ်များထဲက ကိုယ့်နှစ်သက်တဲ့ အနုပညာရှင်၊ အားကစားသမား၊ နိုင်ငံရေးသမား၊ စီးပွားရေးသမား စသူတို့ရဲ့ twitter account များကို မြင်တွေ့နိုင်မှာဖြစ်ပြီး follow လုပ်ထားခြင်းအားဖြင့် သူတို့တင်သမျှ သူတို့ရဲ့သတင်းတွေကိုလည်း twitter အသုံးပြုရင်း ရရှိနိုင်မှာ ဖြစ်ပါတယ်။

*



## လူမှုကွန်ရက်များကို စိတ်ချလက်ချ အသုံးပြုနည်း

အင်တာနက်ပေါ်က လူမှုကွန်ရက်ဝက်ဘ်ဆိုက်တွေဆိုတာ သူ့လုပ်ဆောင်ချက်နဲ့သူ အားသာချက်၊ အားနည်းချက်တွေ ရှိနေကြတာ ချည်းပါပဲ။ အင်တာနက်လူမှုကွန်ရက်ခေတ် အဦးအစက friendster တို့၊ Hi5 တို့၊ နောက်ပေါ်ပေါက်လာတဲ့ Linked in စတာတွေရယ်၊ ယနေ့ခေတ် လူမှုကွန်ရက်လောကကို လွှမ်းမိုးထားတဲ့ Facebook၊ Twitter တို့အပြင် လက်ရှိမှာလည်း Google ရဲ့ အသစ်ထုတ် G+ ဆိုတာကိုလည်း အသုံးပြုသူတွေက စမ်းသုံးနေပြီ ဖြစ်ပါတယ်။

တချို့ကျတော့လည်း လက်ရှိ အဆင်ပြေပြေအသုံးပြုနေတဲ့ လူမှုကွန်ရက်နတ်ဝေါ့ကို မစွန့်ချင်ကြဘဲ ဒါမှမဟုတ်လည်း အသစ်တွေကို စမ်းကြည့်ရင်း အချိန်ကုန်မှာစိုးလို့ အသစ်တွေ ဘယ်လောက်လာလာ မသုံးတော့တဲ့သူတွေ ရှိသလို အသစ် တစ်ခုလာတိုင်း စမ်းသပ်လိုတဲ့စိတ် အခံလေးနဲ့ စမ်းကြည့်သူတွေလည်း အများကြီးပါ။

အဲဒီလို စမ်းသုံးရင်း ဒါလေးကတော့ ဒီ feature မှာ ဘယ်လို အားသာတယ်၊ ဒါကတော့ ဘယ်လို အားနည်းသေးတယ်၊ ဘာတွေ လိုအပ်တယ်၊ ဒီ Feature လေး ထပ်ထည့်လိုက်ရင် အိုကေသွားမယ် စတဲ့ မိမိကိုယ်ပိုင်ထင်မြင်ချက် အကြံဉာဏ်တွေ ပေါ်လာနိုင်ပါတယ်။ လူမှုကွန်ရက်အမျိုးမျိုးက ပေးတဲ့ အတွေ့အကြုံတွေလည်း ရလာနိုင် တာပေါ့။

## Clear History သို့မဟုတ် Clear Private data ပြုလုပ်ခြင်း

လူမှုကွန်ရက်တွေကို အဓိက နားလည်ထားရမှာကတော့ Privacy ပဲလို့ ယူဆပါတယ်။ ဒါကြောင့် မိမိက ဘယ်လိုလူမှုကွန်ရက်ပဲသုံးသုံး အဲဒီလူမှုကွန်ရက်က ထုတ်ပြန်ထားတဲ့ Privacy terms ကို အကြမ်းဖျဉ်း တော့ နားလည်ထားမှ ကောင်းမှာပါ။ မိမိ Profile Setting ကို ကောင်းစွာ ပြုပြင်နိုင်ရပါမယ်။ ပတ်စဝေ့ါကို အနည်းဆုံး တစ်လတစ်ခါလောက် ပြောင်းနိုင်ရင် ပြောင်းထားပါ။ ပြောင်းသမျှ ပတ်စဝေ့ါတိုင်းကလည်း သူများ အလွယ်တကူ မမှန်းဆနိုင်မယ့်စကားလုံးတွေ ဖြစ်အောင် ဂရုစိုက် ပြီးပေးပါ။ ကိုယ်ပြောင်းလိုက်တဲ့ ပတ်စဝေ့ါကိုလည်း မမေ့အောင် အလွတ်ကျက်ထားရပါမယ်။ စာနဲ့ချမှတ်တာတို့၊ စာရွက်အပိုင်းလေးနဲ့ ရေးပြီး ကွန်ပျူတာမှာ ကပ်ထားတာတို့ မလုပ်မိဖို့ အရေးကြီးပါတယ်။ မိမိ ကိုယ်ပိုင် ကွန်ပျူတာ သို့မဟုတ် ကိုယ်ပိုင်လက်ပ်တော့နဲ့ သုံးတာ ဆိုရင် remember password ဆိုတာကို ကလစ်မိတာအကြောင်း ပြဿနာမဟုတ်ပါဘူး။

ဒါပေမဲ့ အပြင်ဆိုင်တွေမှာ သုံးတာဆိုရင်တော့ အဲဒါကို မကလစ်မိဖို့ သတိထားရပါမယ်။ အားလုံးသုံးပြီးလို့ အိမ်ပြန်တော့မယ် ဆိုတာနဲ့ မိမိသုံးတဲ့ Internet Browser ဥပမာ (Internet Explorer၊ Mozilla Firefox၊ Flock၊ Google Chrome တစ်ခုခု)ထဲက History ကို





ပြန်ဖျက် (clear) လိုက်ပါ။ ဒါဆိုရင် ဘယ်လိုပဲ remember password ဆိုတာတွေကို မေ့ပြီး နှိပ်မိခဲ့နှိပ်မိခဲ့ History ကို ဖျက်ပစ်လိုက်တာနဲ့ ကိုယ့်ဒေတာတွေကို ဘယ်လိုမှ မမြင်နိုင်တော့ပါဘူး။




(ပုံ - ၆၅)

(ပုံ - ၆၅) မှာ ပြထားတဲ့ Internet Browser ရဲ့ အပေါ်ဆုံးက Menu Bar မှာ History ဆိုတာကို ကလစ်လိုက်ပါ။



(ပုံ - ၆၆)

(ပုံ - ၆၆) အတိုင်းပေါ်လာမယ့် စာရင်းတွေကတော့ မိမိဝင်ရောက်အသုံးပြု ကြည့်ရှုထားသမျှ ဝက်ဘ်ဆိုက်တွေပါပဲ။

အဲဒါကို မိမိက မဖျက်ဘဲထားလိုက်မယ်ဆိုရင် အဲဒီလင့်တွေကတစ်ဆင့် မိမိရဲ့အကောင့်စာမျက်နှာကို အလွယ်တကူရောက်သွားနိုင်တာကြောင့် အင်တာနက်ဆိုင်မှာ အသုံးပြုသူတွေအဖို့ မဖြစ်မနေဖျက်ပစ်(delete)ရမှာ ဖြစ်ပါတယ်။



(ပုံ - ၆၇)

(ပုံ - ၆၇) မှာမြင်ရသလို Show All History ကို ကလစ်လိုက်ပါ။ ထို့နောက် (ပုံ - ၆၈) မှာ တွေ့ရသလို မိမိရဲ့ History ကို ပြထားပါလိမ့်မယ်။



(ပုံ - ၆၈)



အဲဒီ Box ထဲက ဖျက်လိုတဲ့ History ကို နှစ်ချက်ကလစ်နှိပ်ဖွင့်လိုက်ပြီး Select ပြုလုပ်ကာ delete this Page ကို နှိပ်ပေးလိုက်တာနဲ့ History တွေကို ဖျက်ပစ်လို့ ရသွားပါပြီ။ နောက်ဆုံး No Items ဆိုတာပြလာတဲ့အထိ delete ပြုလုပ်ပေးသွားလိုက်ပါ။




(ပုံ - ၆၉)

နောက်တစ်ခုကတော့ (ပုံ - ၆၉) မှာတွေ့ရသလို Menu Bar ပေါ်က Tools ထဲက Clear Recent History သို့မဟုတ် Clear Private Data ဆိုတာကို ကလစ်လိုက်ပါ။

ထို့နောက် Figure 70 မှာ တွေ့ရမဲ့အတိုင်း ကျလာမယ့် Box လေးထဲမှာ Clear Now ဆိုတာကို ကလစ်လိုက်ပါ။ ပြီးရင် ခဏစောင့်လိုက်တာနဲ့ မိမိရဲ့ဒေတာတွေ အားလုံးကို ဖျက်ပေးလိုက်ပြီ ဖြစ်ပါတယ်။

ဖျက်လိုက်တဲ့ History တွေကို ပြန်ကြည့်လို့ မရပါ ဆိုတဲ့ သတိပေးစာကြောင်းကိုလဲ တွေ့ရပါလိမ့်မယ်။




(ပုံ - ၃၀)

*"All history will be deleted. This action cannot be undone."* ဆိုပြီး Box ရဲ့ အပေါ်နားမှာ ပြထားပါတယ်။

History ဖျက်ပြီး Clear Private Data ကို ဖျက်ပြီးပြီဆိုတာနဲ့ စိတ်ချလက်ချ ထားခဲ့လို့ရပြီ ဖြစ်ပါတယ်။

အွန်လိုင်းလူမှုကွန်ရက်များကို စိတ်ချလက်ချ အသုံးပြုရင်း လူသားအချင်းချင်း အကျိုးပြုနိုင်သောသူများ ဖြစ်နိုင်ကြပါစေ။

**ကလျာအိအိလွင်**



twitter နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ။ twitter ၏ Feature များ

twitter Inc. သို့မဟုတ် twitter ကို ဖန်တီးသူများအကြောင်း

twitter တွင် အကောင့်တစ်ခု စတင်ဖွင့်ခြင်း

Sign up စတင်ပြုလုပ်ခြင်း

Follow ပြုလုပ်ခြင်း နှင့် follower ပြုလုပ်ခြင်း

မိမိစိတ်ဝင်စားသည့်အကြောင်းအရာများ ရှာဖွေခြင်း

အီးမေးလ်ထဲမှ twitter အကြောင်းပြန်ချက် သို့မဟုတ် twitter ၏ကြိုဆိုစာ

twitter တွင် tweet အသစ်တင်ခြင်း သို့မဟုတ် Post အသစ်တင်ခြင်း

Profile page တွင် ဓာတ်ပုံ (Profile Picture)တင်ခြင်း

နောက်ခံအရောင်နှင့် ဒီဇိုင်းကို ပြင်ဆင်ခြင်း

စကားဝှက် (Password) အသစ်ပြန်ပေးခြင်း

Notification Settings ကို ပြင်ဆင်ခြင်း

twitter ရှာဖွေရေးအင်ဂျင် အသုံးပြုခြင်း

Save Search ပြုလုပ်ပုံ

twitter error များ

twitter တွင် ဗီဒီယိုဖိုင်၊ ဓာတ်ပုံတင်ခြင်း

စီးပွားရေးလုပ်ငန်းများအတွက် အသုံးဝင်သော twitter

twitter account ကို ဖျက်ပစ်ခြင်း (သို့) deactivate လုပ်ခြင်း

twitter ၏ ကောင်းကွက်များ၊ ဟာကွက်များ

ဖုန်းမက်ဆေ့ပို့ရန် twitter ၏ဝန်ဆောင်မှု

မိုဘိုင်းဖုန်းများအတွက် twitter

လူမှုရေးလုပ်ငန်းများ လုပ်ပေးသော twitter

twitter အသုံးပြုခြင်း နောက်ဆက်တွဲရလဒ်များ

twitter ပေါ်မှ နာမည်ကျော်ကြယ်ပွင့်များ (Celebrities on twitter)

လူမှုကွန်ရက်များကို စိတ်ချလက်ချအသုံးပြုနည်း

# twitter
# အ သုံး ပြု န ည်း

## ကလျာအိအိလွင်

Design by
NayMin(Knowledge Bridge),
2011